ကြေးမုံ
The Mirror
၁၃၆၈ ခုနှစ်၊ ပြာသိုလပြည့်ကျော် ၁၂ ရက်၊ တနင်္ဂနွေနေ့၊ (14-1-2007) (၅၂၀၂)

အမေရိကန်အစိုးရ အကြောင်းပြစွပ်စွဲသကဲ့သို့ မြန်မာနိုင်ငံ၏ အရေးကိစ္စသည် ဒေသတွင်းနှင့် နိုင်ငံတကာငြိမ်းချမ်းရေးနှင့် လုံခြုံရေးကို ထိခိုက်စေနိုင်သော အရေးကိစ္စများမဟုတ်သဖြင့် လုံခြုံရေးကောင်စီအစီအစဉ်တွင် ထည့်သွင်းဆွေးနွေးရန် လုပ်ဆောင်ခြင်းသည် မှန်ကန်၍ တရားမျှတသော လုပ်ဆောင်ချက်မဟုတ်ကြောင်း နိုင်ငံတော်နှင့် ပြည်သူတို့က သဘောထားကြေညာချက်များ ထုတ်ပြန်ကန့်ကွက်ခဲ့ကြပြီးဖြစ်။

မြန်မာနိုင်ငံ၏ပြည်တွင်းရေးကို စွက်ဖက်ခြယ်လှယ်ရန် ကြိုးပမ်းအားထုတ်ပြီး ဆုံးဖြတ်ချက်မူကြမ်းတင်သွင်းခဲ့သည့် အမေရိကန်နှင့်ဗြိတိန်တို့၏ မမှန်ကန်သော တစ်ဖက်သတ်လုပ်ရပ် အောင်မြင်မှုမရရှိဘဲ ပျက်ပြားသွားခဲ့ပြီ

လုံခြုံရေးကောင်စီ၌ မြန်မာနိုင်ငံဆိုင်ရာ ဆုံးဖြတ်ချက်ချမှတ်နိုင်ရန် အမေရိကန်နှင့်ဗြိတိန်တို့၏ ကြိုးပမ်းမှုကို အမြဲတမ်းအဖွဲ့ဝင် (၅)နိုင်ငံတွင်ပါဝင်သည့် တရုတ်နှင့်ရုရှားတို့က ဗီတိုအာဏာ Double Veto သုံးပြီးပယ်ချ

အမေရိကန်သည် မြန်မာနိုင်ငံကိစ္စကို လုံခြုံရေးကောင်စီအစီအစဉ်တွင် ထည့်သွင်းဆွေးနွေးနိုင်ရန်အတွက် မြန်မာနိုင်ငံအပေါ် မဟုတ်မမှန်လုပ်ကြံစွပ်စွဲခဲ့ပြီး လုံခြုံရေးကောင်စီအဖွဲ့ဝင်နိုင်ငံအချို့ကို ဖိအားပေးစည်းရုံးခဲ့

ကုလသမဂ္ဂလုံခြုံရေးကောင်စီကို ခုတုံးလုပ်အသုံးချရန် ကြိုးပမ်းနေသော အမေရိကန်နှင့်ဗြိတိန်တို့၏လုပ်ရပ်ကို ကြားသိရသော မြန်မာပြည်သူအားလုံးက အမေရိကန်အစိုးရနှင့် ဗြိတိန်အစိုးရတို့အပေါ် ခံပြင်းနာကြည်းနေ

နေပြည်တော်　　ဇန်နဝါရီ　　၁၃

အမေရိကန်နှင့် ဗြိတိန်တို့က မြန်မာ့ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်ခြယ်လှယ်နိုင်ရန်အတွက် ကုလသမဂ္ဂလုံခြုံရေးကောင်စီတွင် ဆုံးဖြတ်ချက်ချမှတ်နိုင်ရေး မူကြမ်းတင်သွင်းခြင်းအပေါ် တရုတ်ပြည်သူ့သမ္မတနိုင်ငံနှင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံတို့က ဗီတိုအာဏာ Double Veto သုံး၍ ကန့်ကွက်ပယ်ချလိုက်ခြင်း

အမေရိကန်အစိုးရသည် ၎င်း၏အကျိုးစီးပွားသက်သက်အတွက် မြန်မာနိုင်ငံ၏ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်ခြယ်လှယ်နိုင်ရန် ကြိုးပမ်းအားထုတ်လျက်ရှိရာ ၂၀၀၆ ခုနှစ် စက်တင်ဘာလ ၁ ရက်နေ့တွင် ကုလသမဂ္ဂဆိုင်ရာ အမေရိကန်သံအမတ် ဂျွန်ဘိုလ်တန်က မြန်မာနိုင်ငံ၏အရေးကိစ္စသည် ဒေသတွင်း၊ နိုင်ငံတကာငြိမ်းချမ်းရေးနှင့်လုံခြုံရေးကို ထိခိုက်စေနိုင်သဖြင့် ကုလသမဂ္ဂလုံခြုံရေးကောင်စီ၏ အစီအစဉ်တွင် ထည့်သွင်းဆွေးနွေးရန် တင်ပြတောင်းဆိုပြီး တစ်ဖက်သတ်ဖိအားပေး စည်းရုံးလုပ်ဆောင်ခဲ့သည်။

ယင်းကဲ့သို့ အမေရိကန်၏ တင်ပြတောင်းဆိုမှုနှင့်စပ်လျဉ်း၍ ၂၀၀၆ ခုနှစ် စက်တင်ဘာလ ၁၅ ရက်နေ့၌ လုံခြုံရေးကောင်စီတွင် မဲခွဲဆုံးဖြတ်ခဲ့ရာ ထောက်ခံမဲ ၁၀ မဲ၊ ကန့်ကွက်မဲ လေးမဲ၊ ကြားနေမဲ တစ်မဲဖြင့် အတည်ပြုခဲ့ရပြီးနောက် မြန်မာနိုင်ငံ၏အခြေအနေ Situation in Myanmar ခေါင်းစဉ်ဖြင့် လုံခြုံရေးကောင်စီ၏ ဆွေးနွေးမည့်အစီအစဉ်တွင် ထည့်သွင်းရန် ဆုံးဖြတ်ခဲ့သည်။

မြန်မာနိုင်ငံ၏အရေးကိစ္စသည် ပြည်တွင်းရေးကိစ္စသာဖြစ်၍ ဒေသတွင်း၊ နိုင်ငံတကာငြိမ်းချမ်းရေးနှင့်လုံခြုံရေးကို ထိခိုက်စေနိုင်မှုမရှိသဖြင့် လုံခြုံရေးကောင်စီ၏အစီအစဉ်တွင် ထည့်သွင်းရန် မသင့်ကြောင်း ကန့်ကွက်ခဲ့သောနိုင်ငံများတွင် လုံခြုံရေးကောင်စီ အမြဲတမ်းအဖွဲ့ဝင်နိုင်ငံဖြစ်ပြီး ဗီတိုအာဏာသုံးခွင့်ရှိသော တရုတ်ပြည်သူ့သမ္မတနိုင်ငံနှင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံတို့လည်း ပါဝင်ခဲ့သည်။

ယင်းကဲ့သို့ လုံခြုံရေးကောင်စီ၏အစီအစဉ်တွင် ထည့်သွင်းမဲခွဲမှုအဆင့်၌ လုံခြုံရေးကောင်စီအဖွဲ့ဝင် ၁၅ နိုင်ငံရှိသည့်အနက် ကိုးနိုင်ငံကထောက်ခံလျှင် အတည်ဖြစ်သည့်အတွက် မြန်မာနိုင်ငံ၏ အခြေအနေခေါင်းစဉ်ဖြင့် လုံခြုံရေးကောင်စီ၏အစီအစဉ်တွင် ထည့်သွင်းဆွေးနွေးရန် ဆုံးဖြတ်ခဲ့ရခြင်းဖြစ်သည်။

အမေရိကန်အစိုးရအနေဖြင့် မြန်မာနိုင်ငံ၏အရေးကိစ္စကို လုံခြုံရေးကောင်စီ၏အစီအစဉ်တွင် ထည့်သွင်းဆွေးနွေးနိုင်ရန်အတွက် မြန်မာနိုင်ငံအပေါ် မဟုတ်မမှန် လုပ်ကြံစွပ်စွဲမှုများ ပြုလုပ်ခဲ့သည့်နည်းတူ လုံခြုံရေးကောင်စီအဖွဲ့ဝင်နိုင်ငံအချို့အားလည်း ဖိအားပေးစည်းရုံးမှုများ ပြုလုပ်ခဲ့ကြောင်းသိရသည်။

မြန်မာနိုင်ငံအပေါ် အမေရိကန်အစိုးရက မဟုတ်မမှန် လုပ်ကြံစွပ်စွဲရာတွင် နိုင်ငံရေး အကျဉ်းသားများအား ဆက်လက်ဖမ်းဆီးထားမှု၊ မြန်မာနိုင်ငံအရှေ့ပိုင်းတွင် တိုင်းရင်းသားလူနည်းစုများအား ဖိနှိပ်တိုက်ခိုက်ခြင်းဖြင့် လူ့အခွင့်အရေးချိုးဖောက်နေမှု၊ HIV၊ တီဘီနှင့်ငှက်ဖျားရောဂါပြန့်ပွားနေခြင်းကို မထိန်းချုပ်နိုင်မှု၊ မူးယစ်ဆေးဝါးထုတ်လုပ်မှုကို ထိရောက်စွာ တားဆီးနှိမ်နင်းခြင်းမရှိမှု စသည့် မမှန်ကန်သော အကြောင်းပြချက်များဖြင့် လုပ်ကြံစွပ်စွဲခဲ့ခြင်းဖြစ်သည်။ စာမျက်နှာ ၃ ကော်လံ ၁ သို့ ▲

နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ပေါ်ပေါက်ရေးသည် မြန်မာနိုင်ငံသားအားလုံး၏ တာဝန်ဖြစ်သည်။

ကြေးမုံ The Mirror
၁၄-၁-၂၀၀၇
(တနင်္ဂနွေနေ့)

မြို့ပြသန့်ရှင်းမှုအကျိုးပြုမည့် ရေဆိုးသန့်စင်စက်ရုံ

လူဦးရေ တိုးပွားလာမှုနှင့် မြို့ပြအခြေအနေများ ပြန့်ပွားဖြန့်ကြက်လာမှုသည် သဘာဝပတ်ဝန်းကျင်အပေါ် သက်ရောက်မှုများစွာ ဖြစ်ပေါ်စေသည်။ မြန်မာနိုင်ငံတွင် လူဦးရေတိုးတက်များပြားလာခြင်း၊ မြို့ပြများသို့ ပြောင်းရွှေ့နေထိုင်မှု တိုးပွားလာခြင်းကြောင့် နိုင်ငံတစ်ဝန်းရှိ မြို့ကြီးများတွင် အိမ်ရာစီမံကိန်းအသစ်များ ဖော်ထုတ်၍ တည်ဆောက်လျက်ရှိသည်။

ရန်ကုန်မြို့တွင်လည်း လူဦးရေများပြားစွာ နေထိုင်လာခြင်းနှင့်အတူ ကုန်သွယ်ရောင်းဝယ်ဖောက်ကားမှုများ ဖွံ့ဖြိုးစည်ပင်လာလျက်ရှိရာ မြို့ပြသဘာဝပတ်ဝန်းကျင် သန့်ရှင်းသပ်ရပ်ရေးနှင့် မြေရှုခင်းသွင်ပြင်ကောင်းမွန်စေရေး စီစဉ်ဆောင်ရွက်လျက်ရှိသည်။

မြို့တော်စည်ပင်သာယာရေးကော်မတီက ရန်ကုန်မြို့ သန်လျက်စွန်း၌ အကောင်အထည်ဖော် တည်ဆောက်ခဲ့သည့် ရေဆိုးသန့်စင်စက်ရုံကို ၂၀၀၆ ခုနှစ် ဒီဇင်ဘာလ ၂၂ ရက်နေ့က ဖွင့်လှစ်ခဲ့ရာ မြို့တွင်းခြောက်မြို့နယ်မှ မိလ္လာစွန့်ပစ်စနစ်သာမက ကိုယ်ပိုင်သုံးမိလ္လာများမှ အညစ်အကြေးများ စွန့်ထုတ်နိုင်ရန် နေ့စဉ် ရေဆိုးဂါလန် သုံးသန်းခန့်ကို သန့်စင်ပေးနိုင်ပြီဖြစ်သည်။

ရန်ကုန်မြို့တွင် မိလ္လာစွန့်သောစနစ်ကို ယခင်က မိရိုးဖလာနည်းဖြင့် စွန့်ပစ်ခဲ့ရာမှ ပတ်ဝန်းကျင် ညစ်ညမ်းမှုဖြစ်စေသည့်အတွက် ၁၈၈၇ ခုနှစ်တွင် မိလ္လာပြွန်စနစ်ကို စတင်တည်ဆောက်ခဲ့ပြီး ၁၈၈၈ ခုနှစ်တွင် မိလ္လာစက်အိုးပေါင်း ၄၀ ဖြင့် တွန်းပို့ကာ ရန်ကုန်မြစ်အတွင်းသို့ တိုက်ရိုက်စွန့်ပစ်ခဲ့သည်။ မိလ္လာပြွန်လိုင်းမရှိသော မြို့နယ်များတွင် ရေပုပ်စုပ်ယာဉ်များဖြင့် စုပ်ထုတ်ယူပြီး မိလ္လာကန်မှတစ်ဆင့် မြစ်အတွင်းသို့ စွန့်ထုတ်ခဲ့ကြရသည်။

ယခုအခါ မိလ္လာအညစ်အကြေးများအား မြစ်၊ ချောင်းအတွင်းသို့ တိုက်ရိုက်စွန့်ပစ်သည့်စနစ်အစား ရေဆိုးသန့်စင် စက်ရုံမှ သန့်စင်ပြီး ရေကြည်စွန့်ပစ်သောစနစ်ကိုသာ အသုံးပြုနေပြီဖြစ်ရာ ရန်ကုန်မြစ်အတွင်းမှ ရေထုညစ်ညမ်းမှုကို တစ်စိတ်တစ်ပိုင်း ကာကွယ်နိုင်ရုံမျှမက ကမ်းနားပတ်ဝန်းကျင်၌ လေထုညစ်ညမ်းခြင်းမရှိတော့ဘဲ မြို့ပြပတ်ဝန်းကျင်သန့်ရှင်းမှုကို ပိုမိုအကျိုးပြုနေမည်ဖြစ်ပါသည်။ ။

ရန်ကုန်မြို့ လသာမြို့နယ် လမ်း ၂၀ နေ ဒေါ်ကြင်ရွှေ၊ သမီး ဒေါ်စီစီ၊ (မြေး) ထွန်းနိုင်ဦးမိသားစုက ဦးပညာဇောတကို အမှူးထား၍ ကွယ်လွန်သူ ဦးဖုန်း (၈)နှစ်ပြည့်အား ရည်စူးပြီး ဒဂုံမြို့နယ် စကားဝါလမ်း မင်းကွန်းဆရာတော်ကြီး၏ တိပိဋက တိုးချဲ့ခြောက်ထပ်ကျောင်းတော်ကြီးအတွက် အလှူတော်ငွေကျပ် တစ်သိန်းကို တိ-နိ (ရန်ကုန်ဌာန) အတွင်းရေးမှူး ဦးကျော်စိန်ထံ ပေးအပ်လှူဒါန်းစဉ်။ (ကြေးမုံ)

ဝိပဿနာ ၁၀ ရက် တရားစခန်း

ရန်ကုန် ဇန်နဝါရီ ၁၃

ပဌမအကြိမ်မြောက် ရွှေရတု လယ်တီ ဝိပဿနာ တရားစခန်းပွဲ အဖြစ် စစ်ကိုင်းတိုင်း တမူးမြို့ အောင်နိမိတ် ဆရာတော်၏ သက်တော် (၅၄)နှစ်ပြည့်ဝိဇာတမွေးနေ့၌ ရန်ကုန် တိုင်း မှော်ဘီမြို့နယ် သဲဖြူတောရ ဓမ္မရိပ်သာ ဆရာတော်က ဇန်နဝါရီ ၁၈ ရက်မှ ၂၇ ရက်အထိ သမထ ဝိပဿနာ၁၀ ရက် တရားစခန်းပွဲ ကျင်းပမည်ဖြစ်ပါ၍ တရားစခန်းဝင်လိုသူများ ဖုန်း-၀၇၃-၄၀၃၅၇ သို့ ဆက်သွယ်နိုင်ကြောင်းသိရသည်။ **(က-ပ)**

ပြည်သူ့သဘောထား

★ ပြည်ပအားကိုးပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့်နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
★ ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

ဗဟိုအတွင်းရေးမှူး ဝန်ကြီး ဦးအောင်သောင်း ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများဆောင်ရွက်

နေပြည်တော် ဇန်နဝါရီ ၁၃

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအတွင်းရေးမှူး အမှတ်(၁) စက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးအောင်သောင်းသည် တာဝန်ရှိသူများနှင့်အတူ ဇန်နဝါရီ ၁၃ ရက် နံနက်ပိုင်းတွင် မန္တလေးတိုင်း ပြင်ဦးလွင်ခရိုင် စဉ့်ကူးမြို့နယ် ရွှေပြည်ကျေးရွာ အခြေခံပညာအထက်တန်းကျောင်း မြက်ခင်းပြင်၌ ကျေးရွာပြည်သူများနှင့် တွေ့ဆုံသည်။

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအတွင်းရေးမှူး၊ အမှတ်(၁) စက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးအောင်သောင်း စဉ့်ကူးမြို့နယ် ရွှေပြည်ကျေးရွာပြည်သူများအား အမှာစကားပြောကြားစဉ်။ (စက်မှု-၁)

ရှေးဦးစွာ ကျေးရွာအုပ်စု ပြည်သူများ၏ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အသင်းဝင် အဆိုပြုလွှာ ၅၀၀၀ ကို ကျေးရွာစည်းရုံးရေးမှူးများက ပေးအပ်ကြရာ ဗဟိုအတွင်းရေးမှူး ဦးအောင်သောင်းက လက်ခံသည်။

ထို့နောက် ရွှေပြည်ကျေးရွာမှ ဦးအောင်သန်းက ကျေးရွာပြည်သူများကိုယ်စား အသင်းဝင် အဆိုပြုလွှာများ ပေးအပ်ခြင်းကိစ္စနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ ရွှေပြည်ကျေးရွာအုပ်စု တောင်သူများသို့ Super Tonic ဓာတ်မြေဩဇာအိတ်များ ပေးအပ်ပွဲကို ကျင်းပရာ အလှူရှင် ဦးမျိုးမြင့်နှင့်ဇနီး ဒေါ်အမာတို့က အိတ်၁၀၀၊ မန္တလေးတိုင်း ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းကိုယ်စား တွဲဖက်အတွင်းရေးမှူး ဦးစိန်မြင့်က အိတ်၂၀၀၊ တိုင်းအတွင်းရေးမှူး ဦးတင်မောင်ဦးက အိတ် ၁၀၀ တို့ကို သက်ဆိုင်ရာ တောင်သူများသို့ ပေးအပ်ကြသည်။

ဆက်လက်၍ ဝန်ကြီး ဦးအောင်သောင်းသည် ပြင်ဦးလွင်ခရိုင် မတ္တရာမြို့နယ် မြန်မာ့ကြွေထည် မြေထည်လုပ်ငန်း စကျင်အမှတ်(၂) ကျောက်ပြားစက်ရုံသို့ရောက်ရှိပြီး ကျောက်လွှာခင်းခြင်းလုပ်ငန်းများ၊ အသစ်တပ်ဆင်ပြီးဖြစ်သော Cutting Machine စက်ကိုလည်းကောင်း၊ လွှာပြီးကျောက်ပြားများကို အရွယ်အစားအလိုက် ဖြတ် တောက်ခြင်းလုပ်ငန်းနှင့် သိုလှောင်ထားမှုများကိုလည်းကောင်း ကြည့်ရှုစစ်ဆေးပြီး ဝန်ကြီးက ထုတ်ကုန်ပစ္စည်းများ၏ အရည်အသွေးကောင်းမွန် ရေးအတွက် အချောကိုင်ပစ္စည်းများ မှာယူတင်သွင်းရေး မှာကြားပြီး စကျင်ကျောက်စက်ရုံမှ ထုတ်လုပ်ထားသော စကျင်ကျောက်များကို ကြည့်ရှုစစ်ဆေးသည်။

ဆက်ကပ်လှူဒါန်း

ထို့နောက်ဗဟိုအတွင်းရေးမှူး ဝန်ကြီး ဦးအောင်သောင်းသည် တံငါမြောက်ကျေးရွာ ရွှေကြာအင်းကျောင်းတိုက် ဆရာတော် ဘဒ္ဒန္တကောဝိဒအား ဖူးမြော်ကြည်ညိုပြီး သင်္ကန်းအစရှိသော လှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်းသည်။

ပေးအပ်

ထိုမှတစ်ဆင့် ဗဟိုအတွင်းရေးမှူး ဝန်ကြီး ဦးအောင်သောင်းသည် မတ္တရာမြို့နယ်သရက်တောကျေးရွာအမှတ်(၂၆) အခြေခံပညာ မူလတန်းကျောင်း၌ ကျေးလက်ပြည်သူများအား တွေ့ဆုံပြီး ကျေးရွာအုပ်စုများ ကိုယ်စား စည်းရုံးရေးမှူးများက အသင်းဝင် အဆိုပြုလွှာ တစ်သောင်းကို ဗဟိုအတွင်းရေးမှူး ဦးအောင်သောင်းထံ ပေးအပ်သည်။

ဗဟိုအတွင်းရေးမှူး ဝန်ကြီး ဦးအောင်သောင်းက ဟလင်းကျေးရွာ အခြေခံပညာမူလတန်းကျောင်း ပြုပြင်ရန်အတွက် ငွေကျပ်သုံးသိန်းနှင့် သရက်တောကျေးရွာ အခြေခံပညာမူလတန်းကျောင်း ပြုပြင်ရန်အတွက် ငွေကျပ် ၁၀သိန်း ပေးအပ်သည်။

ဗဟိုအတွင်းရေးမှူး ဦးအောင်သောင်းသည် ညနေပိုင်းတွင် မတ္တရာမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းရုံး၌ မြို့နယ် အတွင်းရေးမှူး၊ တွဲဖက် အတွင်းရေးမှူးနှင့် အလုပ်အမှုဆောင်များအား တွေ့ဆုံ၍ တင်ပြချက်များအပေါ် လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

အထက(၁)ဒဂုံ (ယခင် MEHS) အာစရိယပူဇော်ပွဲ

ရန်ကုန် ဇန်နဝါရီ ၁၃

ယခင်မက်သဒစ် အင်္ဂလိပ်ဟိုက်စကူး (MEHS)နှင့် အထက(၁) ဒဂုံကျောင်းတွင် ၁၉၅၄-၁၉၇၈ခုနှစ်အတွင်း ပညာသင်ကြားခဲ့သော ကျောင်းသူ၊ ကျောင်းသားဟောင်းများက ဆရာကြီး၊ ဆရာမကြီးများအား ဖေဖော်ဝါရီ ၁၁ ရက် (တနင်္ဂနွေနေ့)နံနက်၉နာရီတွင် အထက (၁)ဒဂုံ ဒဂုံသီရိခန်းမ၌ ဂါရဝပြု ပူဇော်ကန်တော့ကြမည်ဖြစ်သည်။

ကျောင်းသူ၊ ကျောင်းသားဟောင်းများသည် ဦးကျော်မောင် ဖုန်း၂၂၄၄၉၀၊ ဦးရဲမြင့် ဖုန်း ၀၉၅၀၀၈၇၅၀၊ ဦးစိုးညီညီ ဖုန်း ၀၉၅၀၁၉၆၄၃၊ ဦးထူးအောင်ကြီး ဖုန်း ၀၉၅၁၂၁၈၁၈၊ ဒေါ်ထားချို ဖုန်း ၅၃၄၇၈၀၊ ဒေါ်ခင်မြင့်ခိုင် ဖုန်း ၀၉၉၉၂၄၅၇၄၊ ဒေါ်တင်မေလွင် ဖုန်း ၅၅၄၀၃၉၊ ဒေါ်ခင်သန်းမူ ဖုန်း ၅၄၁၈၅၄၊ ဒေါ်တင်လှမြင့် ဖုန်း အထက(၁)ဒဂုံ၊ ဒေါ်ရီစလင်းလှ ဖုန်း ၅၆၆၅၂၊ ဦးကြည်ဝင်း ဖုန်း ၀၉၉၉၂၄၇၂၉ တို့ကို ဆက်သွယ်နိုင်ကြောင်း သိရသည်။ **(က-ပ)**

ပန်းဘဲတန်းမြို့နယ် အမက(၂) ၂၀၀၅-၂၀၀၆ ပညာရည်ချွန်ဆုပေးပွဲနှင့် ပညာရေးစုံညီပွဲတော်ကို ဇန်နဝါရီ ၆ ရက်က ကျင်းပရာ သူငယ်တန်းမှ တတိယတန်းအထိ လေးနှစ်ဆက်တိုက် ပထမဆု ရရှိခဲ့သော မောင်ဝေယံလင်းအား ကျောင်းအုပ်ဆရာမကြီး ဒေါ်တင်စန်းနွဲ့ ဆုချီးမြှင့်စဉ်။ (ပညာရေး)

အိမ်မဲမြို့ အိမ်မဲကြီးအထက(ခွဲ) အာစရိယပူဇော်ပွဲ ကျင်းပမည်

ရန်ကုန် ဇန်နဝါရီ ၁၃

ဧရာဝတီတိုင်း အိမ်မဲမြို့ အိမ်မဲကြီး အထက(ခွဲ)မှ သက်ပြည့်အငြိမ်းစားယူခဲ့ကြသည့် ဆရာ၊ဆရာမကြီးများအား ပဥ္စမအကြိမ်မြောက် အာစရိယပူဇော်ပွဲကို ဇန်နဝါရီ၂၈ရက် နံနက် ၁၁ နာရီတွင် အိမ်မဲကြီး အထက(ခွဲ) ကျောင်းခန်းမ၌ ကျင်းပမည်ဖြစ်ရာ ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ ဆရာကြီး၊ ဆရာမကြီးများ ကြွရောက် အပူဇော်ခံကြရန်နှင့် ကျောင်းသူ၊ ကျောင်းသားဟောင်းများ တက်ရောက် ပူဇော်ကြရန် ဖြစ်မြောက်ရေးအဖွဲ့က နှိုးဆော်ထားသည်။

အလှူငွေထည့်ဝင်လိုသူများသည် ဗညားဦး(အိမ်မဲ) ဖုန်း-၆၆၆၈၂၅၊ ဦးအောင်သန်းဦး ဖုန်း-၅၃၄၀၂၀ နှင့် ဦးမောင်မောင်တူး ဖုန်း-၆၈၀၇၃၂ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ **(က-ပ)**

လုံခြုံရေးကောင်စီ၏ မူလတာဝန်မှာ ငြိမ်းချမ်းရေးနှင့်လုံခြုံရေးကို ထိန်းသိမ်းရန်သာဖြစ် လုံခြုံရေးကောင်စီအနေဖြင့် မြန်မာနိုင်ငံ၏အရေးကိစ္စတွင် ပါဝင်ပတ်သက်ဆောင်ရွက်ရန် မလိုအပ်

▲ ရှေ့ဖုံးမှ

ထို့ကြောင့်လည်း အမေရိကန်အစိုးရ အကြောင်းပြ စွပ်စွဲသကဲ့သို့ မြန်မာနိုင်ငံ၏အရေးကိစ္စသည် ဒေသတွင်းနှင့် နိုင်ငံတကာ ငြိမ်းချမ်းရေးနှင့်လုံခြုံရေးကို ထိခိုက်စေနိုင်သော အရေးကိစ္စများ မဟုတ်သဖြင့် လုံခြုံရေးကောင်စီအစီအစဉ်တွင် ထည့်သွင်းဆွေးနွေးရန် လုပ်ဆောင်ခြင်းသည် မှန်ကန်၍ တရားမျှတသော လုပ်ဆောင်ချက်မဟုတ်ကြောင်း နိုင်ငံတော်နှင့်ပြည်သူတို့က သဘောထားကြေညာချက်များ ထုတ်ပြန်ကန့်ကွက်ခဲ့ကြပြီးဖြစ်သည်။ အလားတူ မြန်မာနိုင်ငံအကြောင်း သေချာစွာနားလည်သိရှိ သဘောပေါက်ကြသော အိမ်နီးချင်းနိုင်ငံများ၊ ဒေသတွင်းနိုင်ငံများ၊ မိတ်ဆွေနိုင်ငံများနှင့် ဘက်မလိုက်အဖွဲ့ဝင်နိုင်ငံများကလည်း အမေရိကန်အစိုးရ၏ အဆိုပါလုပ်ရပ်ကို ဝိုင်းဝန်းဆန့်ကျင် ကန့်ကွက်ခဲ့ကြသည်။

ထိုသို့ မြန်မာနိုင်ငံ၏အရေးကိစ္စကို ကုလသမဂ္ဂ လုံခြုံရေးကောင်စီ အစီအစဉ်တွင် ပါဝင်စေရန် ဖိအားပေး သိမ်းသွင်းလုပ်ဆောင်ခဲ့ပြီးနောက် အမေရိကန်အစိုးရသည် မြန်မာနိုင်ငံ၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် ခြယ်လှယ်နိုင်ရန်အတွက် ဗြိတိန်နိုင်ငံနှင့်ပူးပေါင်းပြီး ကုလသမဂ္ဂ လုံခြုံရေးကောင်စီ၌ မြန်မာနိုင်ငံ၏အရေးကိစ္စအပေါ် ဆုံးဖြတ်ချက် (Resolution) ချမှတ်အရေးယူနိုင်ရေး ဆက်လက်အားထုတ်လုပ်ဆောင်ခဲ့သည်။

ပြည်တွင်းမှ ပါတီနိုင်ငံရေးသမားများ၊ အမျိုးသားသစ္စာဖောက်များနှင့် ပြည်ပြေးသောင်းကျန်းသူများကလည်း အမေရိကန်အစိုးရ၏ မြန်မာနိုင်ငံပေါ် တစ်ဖက်သတ် ဖိအားပေးလုပ်ဆောင်မှုကို ဝမ်းသာအားရ ကြိုဆိုထောက်ခံခဲ့ကြပြီး အမေရိကန်အစိုးရ၏ လုပ်ရပ်များနှင့်အတူ အတိုင်အဖောက်ညီညီ အချိန်ကိုက်ပြီး လိုက်ပါလှုပ်ရှားခဲ့ကြသည်။

ထို့နောက် ဇန်နဝါရီလ ၁၁ရက်နေ့တွင် ကုလသမဂ္ဂဆိုင်ရာ အမေရိကန်ယာယီသံအမတ်ကြီး အလက်ဂျန်ဒိုဒီဝပ်က မြန်မာနိုင်ငံတွင် နိုင်ငံရေးအကျဉ်းသားအားလုံး လွှတ်ပေးရေး၊ ဒီမိုကရေစီထွန်းကားရေး အရှိန်မြှင့်လုပ်ဆောင်ရေးနှင့် တိုင်းရင်းသားနယ်မြေများတွင် လူ့အခွင့်အရေးချိုးဖောက်မှုများကို ရပ်တန့်ရေးအတွက် လုံခြုံရေးကောင်စီက အရေးယူဆောင်ရွက်ပေးရန် အဆိုပြုချက်မူကြမ်းတစ်ရပ်ကို ဆက်လက်တင်သွင်းခဲ့သည်။

ထိုသို့ အမေရိကန်နှင့်ဗြိတိန်တို့ ဦးဆောင်တင်သွင်းသည့် အဆိုပြုချက်မူကြမ်းနှင့်စပ်လျဉ်း၍ မဲခွဲဆုံးဖြတ်ခြင်းမပြုမီ လုံခြုံရေးကောင်စီ၌ ဇန်နဝါရီလ ၁၂ ရက်နေ့က ဆွေးနွေးကြရာတွင် ကုလသမဂ္ဂဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံသံအမတ်ကြီး မစ္စတာဝမ်ကွမ်းရက **မြန်မာနိုင်ငံ၏အရေးကိစ္စမှာ အချုပ်အခြာအာဏာပိုင် နိုင်ငံတစ်ခု၏ ပြည်တွင်းရေးကိစ္စသာဖြစ်ကြောင်း ၊ မြန်မာနိုင်ငံ၏ပြည်တွင်းရေးကိစ္စသည် ဒေသတွင်းနှင့် နိုင်ငံတကာငြိမ်းချမ်းရေးနှင့်လုံခြုံရေးကို ခြိမ်းခြောက်ရာမရောက်ကြောင်း၊ မြန်မာနိုင်ငံနှင့် အနီးကပ်ထိစပ်နေသော အိမ်နီးချင်းနိုင်ငံများ၊ အာဆီယံနိုင်ငံများနှင့် အာရှ-ပစိဖိတ်ဒေသအတွင်းရှိနိုင်ငံများက မြန်မာနိုင်ငံ၏ လက်ရှိအခြေအနေသည် ဒေသတွင်း ငြိမ်းချမ်းရေးနှင့်လုံခြုံရေးကို ခြိမ်းခြောက်ရာရောက်သည်ဟု မယူဆကြကြောင်း၊ လုံခြုံရေးကောင်စီ၏ မူလတာဝန်မှာ ငြိမ်းချမ်းရေးနှင့်လုံခြုံရေးကို ထိန်းသိမ်းရန်သာဖြစ်ပြီး လုံခြုံရေးကောင်စီအနေဖြင့် မြန်မာနိုင်ငံ၏အရေးကိစ္စတွင် ပါဝင်ပတ်သက်ဆောင်ရွက်ရန် မလိုအပ်ကြောင်း၊ ပါဝင်ပတ်သက်ဆောင်ရွက်ပါက လုံခြုံရေးကောင်စီသည် ၎င်းအား မူလပေးအပ်ထားခြင်းခံရသော တာဝန်များထက်ကျော်လွန်ပြီး လုပ်ဆောင်ရုံသာမက အခြားကုလသမဂ္ဂအေဂျင်စီများ၏ ဆွေးနွေးဆောင်ရွက်မှုများကိုပါ ထိခိုက်နှောင့်နှေးစေနိုင်ကြောင်း** ဆွေးနွေးပြောကြားခဲ့သည်။

အလားတူ ကုလသမဂ္ဂဆိုင်ရာ ရုရှားဖက်ဒရေးရှင်းနိုင်ငံ သံအမတ်ကြီး မစ္စတာ ဗိုက်တလီချာကင်ကလည်း **မြန်မာနိုင်ငံအနေဖြင့် လူမှုစီးပွားရေးဘဝနှင့် လူသားချင်း စာနာထောက်ထားမှုဆိုင်ရာ ပြဿနာရပ်များရှိနေသည်ကို မငြင်းလိုကြောင်း၊ သို့ရာတွင် မြန်မာနိုင်ငံ၏အခြေအနေမှာ နိုင်ငံတကာငြိမ်းချမ်းရေးကိုဖြစ်စေ၊ ဒေသတွင်း ငြိမ်းချမ်းရေးကို ဖြစ်စေ ခြိမ်းခြောက်ရာမရောက်ကြောင်း၊ မြန်မာနိုင်ငံ၏ အရေးပါသော အိမ်နီးချင်းနိုင်ငံများနှင့်တကွ ကမ္ဘာ့နိုင်ငံအများအပြားကပါ မြန်မာနိုင်ငံအပေါ် မိမိရှုမြင်သကဲ့သို့ ရှုမြင်လျက်ရှိကြောင်း၊ လုံခြုံရေးကောင်စီအား ၎င်းလုပ်ဆောင်ရမည့် အတိုင်းအတာထက်ကျော်လွန်၍ လုပ်ဆောင်စေရန် အသုံးချလိုသော အားထုတ်ကြိုးပမ်းမှုများကို လက်မခံနိုင်ကြောင်း** ဆွေးနွေးပြောကြားခဲ့သည်။

ထို့အတူ ကုလသမဂ္ဂဆိုင်ရာတောင်အာဖရိကသမ္မတနိုင်ငံ သံအမတ်ကြီး မစ္စတာ ဒူမီဆာနီအက်စ်ကူမာလိုကလည်း **အာဆီယံနိုင်ငံများက မြန်မာနိုင်ငံ၏အရေးကိစ္စသည် အိမ်နီးချင်းနိုင်ငံများကို ခြိမ်းခြောက်ရာမရောက်ဟု ပြောကြားခဲ့ကြကြောင်း၊ ယမန်နေ့(၁၁-၁-၂၀၀၇)ရက်နေ့က ဖိလစ်ပိုင်နိုင်ငံတွင် ကျင်းပသော အာဆီယံဝန်ကြီးများအစည်းအဝေးက မြန်မာနိုင်ငံ၏ အရေးကိစ္စသည် နိုင်ငံတကာငြိမ်းချမ်းရေးနှင့် လုံခြုံရေးကို ခြိမ်းခြောက်ရာမရောက်ဟု ထပ်လောင်းအတည်ပြု ပြောကြားခဲ့ကြကြောင်း၊ ထို့ကြောင့် တောင်အာဖရိကနိုင်ငံအနေဖြင့် ဆုံးဖြတ်ချက်မူကြမ်းကို မထောက်ခံနိုင်ကြောင်း** ဆွေးနွေးပြောကြားခဲ့သည်။

ထို့နောက် အမေရိကန်နှင့် ဗြိတိန်တို့ ဦးဆောင်တင်သွင်းသည့် အဆိုပြုချက်မူကြမ်းကို ကုလသမဂ္ဂလုံခြုံရေးကောင်စီတွင် မဲခွဲဆုံးဖြတ်ခဲ့ရာ လုံခြုံရေးကောင်စီအဖွဲ့ဝင် အမေရိကန်၊ ဗြိတိန်၊ ပြင်သစ်၊ အီတလီ၊ ဂါနာ၊ ပီရူး၊ ဆလိုဗက်ကီးယား၊ ပနားမားနှင့် ဘယ်လ်ဂျီယံ ကိုးနိုင်ငံတို့က ထောက်ခံမဲပေးခဲ့ကြသော်လည်း လုံခြုံရေးကောင်စီ အမြဲတမ်းအဖွဲ့ဝင်နိုင်ငံများဖြစ်သည့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ ရုရှားဖက်ဒရေးရှင်းနိုင်ငံနှင့် တောင်အာဖရိကသမ္မတနိုင်ငံတို့က ကန့်ကွက်မဲပေးခဲ့ကြပြီး အင်ဒိုနီးရှား၊ ကွန်ဂိုနှင့် ကာတာသုံးနိုင်ငံတို့က ကြားနေမဲ ပေးခဲ့ကြသည်။ ထိုကဲ့သို့ ကန့်ကွက်မဲ ပေးခဲ့ခြင်းသည် လုံခြုံရေးကောင်စီ၌ မြန်မာနိုင်ငံဆိုင်ရာ ဆုံးဖြတ်ချက် ချမှတ်နိုင်ရန် အမေရိကန်နှင့် ဗြိတိန်တို့၏ ကြိုးပမ်းမှုကို အမြဲတမ်းအဖွဲ့ဝင် ငါးနိုင်ငံတွင် ပါဝင်သည့် တရုတ်ပြည်သူ့သမ္မတနိုင်ငံနှင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံတို့က ဗီတိုအာဏာ Double Veto သုံးပြီး ပယ်ချလိုက်ခြင်းပင်ဖြစ်သည်။

ထို့ကြောင့် **မြန်မာနိုင်ငံ၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်ခြယ်လှယ်ရန် ကြိုးပမ်းအားထုတ်ပြီး ဆုံးဖြတ်ချက်မူကြမ်းတင်သွင်းခဲ့သည့် အမေရိကန်နှင့် ဗြိတိန်တို့၏ မမှန်ကန်သော တစ်ဖက်သတ်လုပ်ရပ်သည် အောင်မြင်မှုမရရှိဘဲ ပျက်ပြားသွားခဲ့ပြီဖြစ်သည်။ ယင်းသည် မြန်မာနိုင်ငံနှင့် စပ်လျဉ်းသည့် အမှန်တရားက အောင်ပွဲခံလိုက်ခြင်းဖြစ်သကဲ့သို့ တစ်နည်းအားဖြင့် အမှန်တရားကိုမြတ်နိုးသည့် နိုင်ငံတကာပြည်သူများနှင့် မြန်မာပြည်သူများ၏ အောင်ပွဲ လည်းဖြစ်သည်။**

ယခုကဲ့သို့ တစ်ဖက်သတ် လုပ်ကြံစွပ်စွဲမှုများဖြင့် မြန်မာနိုင်ငံ၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်ခြယ်လှယ်ရန်အတွက် ကုလသမဂ္ဂလုံခြုံရေးကောင်စီကို ခုတုံးလုပ် အသုံးချရန် ကြိုးပမ်းလုပ်ဆောင်နေသော အမေရိကန်နှင့်ဗြိတိန်တို့၏လုပ်ရပ်ကို ကြားသိကြရသော မြန်မာပြည်သူအားလုံးက အမေရိကန်အစိုးရနှင့် ဗြိတိန်အစိုးရတို့အပေါ် ခံပြင်းနာကြည်းမှုများ ဖြစ်ပေါ်နေကြကြောင်းလည်း သိရသည်။

ထို့အတူ ကုလသမဂ္ဂလုံခြုံရေးကောင်စီ၌ မဲခွဲဆုံးဖြတ်ရာတွင် ဗီတိုအာဏာသုံးပြီး ပယ်ချခဲ့ကြသော တရုတ်ပြည်သူ့သမ္မတနိုင်ငံနှင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံတို့အား လည်းကောင်း၊ ဆန့်ကျင်ကန့်ကွက်မဲပေးခဲ့သော တောင်အာဖရိကသမ္မတနိုင်ငံအားလည်းကောင်း မြန်မာပြည်သူများက အထူးကျေးဇူးတင်နေကြကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

❒ **မြန်မာနိုင်ငံ၏အရေးကိစ္စကို ကုလသမဂ္ဂ လုံခြုံရေးကောင်စီ အစီအစဉ်တွင် ပါဝင်စေရန် ဖိအားပေး သိမ်းသွင်းလုပ်ဆောင်ခဲ့ပြီးနောက် အမေရိကန်အစိုးရသည် မြန်မာနိုင်ငံ၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် ခြယ်လှယ်နိုင်ရန်အတွက် ဗြိတိန်နိုင်ငံနှင့်ပူးပေါင်းပြီး ကုလသမဂ္ဂလုံခြုံရေးကောင်စီ၌ မြန်မာနိုင်ငံ၏အရေးကိစ္စအပေါ် ဆုံးဖြတ်ချက် (Resolution) ချမှတ်အရေးယူနိုင်ရေး ဆက်လက်အားထုတ်လုပ်ဆောင်ခဲ့။**

❒ **ပြည်တွင်းမှ ပါတီနိုင်ငံရေးသမားများ၊ အမျိုးသား သစ္စာဖောက်များနှင့် ပြည်ပြေးသောင်းကျန်းသူများကလည်း အမေရိကန်အစိုးရ၏ မြန်မာနိုင်ငံပေါ် တစ်ဖက်သတ် ဖိအားပေးလုပ်ဆောင်မှုကို ဝမ်းသာအားရ ကြိုဆိုထောက်ခံခဲ့ကြပြီး အမေရိကန်အစိုးရ၏လုပ်ရပ်များနှင့်အတူ အတိုင်အဖောက်ညီညီ အချိန်ကိုက်ပြီး လိုက်ပါလှုပ်ရှားခဲ့။**

မြောက်ဥက္ကလာပမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းကကြီးမှူး၍ (၁၉)နှစ်မြောက် လွတ်လပ်ရေးနေ့ အထိမ်းအမှတ် ပျော်ပွဲရွှင်ပွဲကို ဇန်နဝါရီ ၄ ရက်က မဏ္ဍိုင်လေ့ကျင့်ရေးအားကစားကွင်း၌ ကျင်းပရာ ဘောလုံးပြိုင်ပွဲ ပထမဆုရ (ဂ)ရပ်ကွက်အသင်းအား မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးဟန်ဝင်းအောင် ဆုချီးမြှင့်စဉ်။ (မြို့နယ် ပြန်/ဆက်)



သမထဝိပဿနာ တရားစခန်းဖွင့်မည်

ရန်ကုန် ဇန်နဝါရီ ၁၃

မြတ်ဗုဒ္ဓ၏ ပဋိပတ်အကျင့်မြတ်တရားတော်များကို ကျေးဇူးရှင် လယ်တီဆရာတော်၏တပည့် အနာဂါမ်ဆရာသက်ကြီး၏ မူလကျင့်စဉ်နှင့်အညီ သမထဝိပဿနာတရားတော်များကို ကျောက်တံတားမြို့နယ် ဗိုလ်အောင်ကျော်လမ်းရှိ သာခုကာရီဓမ္မာရုံတွင် ဇန်နဝါရီ ၁၅ ရက်မှ ၂၁ ရက်အထိ ညနေ ၆ နာရီခွဲမှ ၈နာရီအထိလည်းကောင်း၊ ပဲခူးမြို့ တောင်သူစုကျေးရွာရှိ ဇော်ဂျီကုန်းဘုရားကျောင်းတိုက်တွင် ပဓာန နာယကဆရာတော် ဘဒ္ဒန္တ ဝိဇယအား အမှူးထား၍ ဇန်နဝါရီ ၂၂ ရက်မှ ၃၁ ရက် နံနက်အထိ ကိုးရက် တရားစခန်းကိုလည်းကောင်း၊ ဗိုလ်တထောင်စေတီတော် ဆိပ်ကမ်းလုပ်သားပေါင်းစုံဓမ္မာရုံတွင် ဖေဖော်ဝါရီ ၁ ရက်မှ ၇ ရက်အထိ ညနေ ၆ နာရီမှ ၇ နာရီခွဲအထိလည်းကောင်း၊ ဗဟန်းမြို့နယ် ရွှေတိဂုံစေတီတော် အရှေ့ဘက်မုခ်အနီး အာဇာနည်လမ်းရှိ ရှင်သာမဏေဓမ္မဗိမာန်တွင် ဖေဖော်ဝါရီ ၈ ရက်မှ ၁၄ ရက်အထိ ညနေ ၅နာရီမှ ၆ နာရီခွဲအထိလည်းကောင်း၊ ဓမ္မရသရိပ်သာမှ ကမ္မဋ္ဌာန်းနည်းပြဆရာကြီး မဟာသဒ္ဓမ္မဇောတိကဓဇ ဦးသန်းရွှေ (ဒလ-အံ့ကြီး)က ဟောပြောပို့ချမည်ဖြစ်ရာ ဇော်ဂျီကုန်းဘုရားကျောင်းတိုက်ရှိ ကိုးရက် တရားစခန်းဝင်လိုသူများ ဖုန်း-၅၅၃၈၆၂ သို့ ဆက်သွယ်နိုင်ကြောင်း သိရသည်။ (က-ပ)

ရန်ကုန်တိုင်း သင်္ဃန်းကျွန်းမြို့နယ် ကျိုက္ကစံအနောက်ရပ်ကွက် ကျောက်စာတော်ဘုရားလမ်း ပြည်တော်ဦး မြန်မာ-ကိုရီးယား ဖွံ့ဖြိုးရေးနှစ်ထပ်ကျောင်းဆောင်သစ်အတွက် အလှူငွေပေးအပ်ပွဲကို ဇန်နဝါရီ ၁ ရက်က ပြုလုပ်ရာ ပြည်တော်ဦးဆရာတော် အရှင်ပဏ္ဍိစ္စထံ အလှူရှင် ဦးအောင်ကိုကို-ဒေါ်မြင့်မြင့်ဝင်း၊ သား မောင်ပုည၊ သမီး မြရည်နန္ဒာအောင် (ကေမ္ဘာဆေးတိုက်) မိသားစုက ဒုတိယအကြိမ် အလှူငွေကျပ် သိန်း ၁၀၀ လှူဒါန်းစဉ်။ (၅၀၆)

အမေရိကန်က အီရတ်ကိုသိမ်းပိုက်မှုကြောင့် အရှေ့အလယ်ပိုင်းပြဿနာများ ပိုမိုရှုပ်ထွေးလာရဟု ဆီးရီးယားပြောကြား

ဒမတ်စကတ်   ဇန်နဝါရီ   ၁၂

အမေရိကန်က အီရတ်နိုင်ငံကိုသိမ်းပိုက်ခဲ့သဖြင့် အရှေ့အလယ်ပိုင်းဒေသရှိ ပြဿနာများ ထပ်မံရှုပ်ထွေးစေခဲ့ကြောင်း ဆီးရီးယားပြန်ကြားရေးဝန်ကြီး မိုဆန်ဘီလားလ်က ဗုဒ္ဓဟူးနေ့တွင် ပြောကြားလိုက်သည်။

မိုဆန်ဘီလားလ်က ဆီးရီးယားနိုင်ငံသို့ အလည်အပတ်ရောက်ရှိနေသည့် ဩစတြေးလျ ပါလီမန်ကိုယ်စားလှယ်အဖွဲ့နှင့် တွေ့ဆုံဆွေးနွေးရာတွင် ပြောကြားခြင်းဖြစ်သည်ဟု ဆာနာ သတင်းဌာနက ဖော်ပြသည်။

ရှုပ်ထွေးလာ

အစ္စရေးက ဆီးရီးယားနိုင်ငံရှိ ဂိုလန်ကုန်းမြင့်နှင့် လက်ဘနွန်နှင့် ပါလက်စတိုင်းဒေသရှိ အခြားအာရပ်နယ်မြေများကို သိမ်းပိုက်ခဲ့မှုကြောင့် ပြဿနာများနှင့် ပွေလီနေရသည်။ အမေရိကန်နိုင်ငံက အီရတ်နိုင်ငံကို သိမ်းပိုက်မှုကြောင့် ယင်းဒေသ၏ အခြေခံပြဿနာ အကြောင်းရင်းသည် ပိုမို ရှုပ်ထွေးလာခဲ့သည်ဟု သတင်းဌာနက ဖော်ပြသည်။

အလေးထား

ဆီးရီးယားနိုင်ငံသည် တရားမျှတပြီး ပြည့်စုံသည့် ငြိမ်းချမ်းရေးရရှိလိုသည့် ဆန္ဒရှိနေပြီး အီရတ်၏ နိုင်ငံရေးလုပ်ငန်းစဉ်ကို ထောက်ခံကာ အီရတ်နိုင်ငံ၏ ညီညွတ်ရေးနှင့် လွတ်လပ်ရေးအပေါ် အလေးထားသည်ဟု ၎င်းက အခိုင်အမာ ပြောကြားသည်။ ဒေသ၏ ပြဿနာများ ဖြေရှင်းရေးအတွက် အမေရိကန်အနေဖြင့် ဆီးရီးယားနှင့် ဆွေးနွေးရန်လိုအပ်သည်ဟု ဩစတြေးလျကိုယ်စားလှယ်အဖွဲ့ခေါင်းဆောင်က ထုတ်ဖော်ပြောကြားသည်။ ***အမ်အင်အေ၊ဆင်ဟွာ။***

ဗီယက်နမ်နိုင်ငံ မြောက်ပိုင်းဒေသရှိ သတ္တုတွင်း၌ လုပ်ငန်းဆောင်ရွက်နေသော ဗီယက်နမ်နှင့် ရုရှားနိုင်ငံတို့ ပူးပေါင်းထုတ်လုပ်ထားသည့် အကြီးစားမြေတူးစက်ကို ဇန်နဝါရီ ၁၂ ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ–အင်တာနက်)

ဘဂ္ဂဒက်တွင် ဗုံးပေါက်ကွဲ၊ လူနှစ်ဦးသေဆုံး

ဘဂ္ဂဒက်   ဇန်နဝါရီ   ၁၂

အီရတ်နိုင်ငံ ဘဂ္ဂဒက်မြို့နေရာနှစ်နေရာတွင် ဗုဒ္ဓဟူးနေ့က ဗုံးပေါက်ကွဲခဲ့သဖြင့် လူနှစ်ဦး သေဆုံးပြီး အခြားလေးဦး ဒဏ်ရာရရှိခဲ့ကြောင်း ပြည်ထဲရေးဝန်ကြီးဌာနက ပြောကြားသည်။

ဆာဒါမြို့ရှိ ရပ်ကွက်တစ်ခုသို့ စိန်ပြောင်းများ ဗုဒ္ဓဟူးနေ့စောစောပိုင်းက ကျရောက်ပေါက်ကွဲခဲ့သဖြင့် လူနှစ်ဦးသေဆုံးပြီး အိမ်ခြေ အများအပြား ပျက်စီးခဲ့ရသည်ဟု အမည်မဖော်လိုသော သတင်းရပ်ကွက်က ဆင်ဟွာသို့ ပြောကြားသည်။

ဘဂ္ဂဒက်မြို့လယ် ဘတ်အယ်လ်–ရာဂျီဒေသရှိ တိုင်ယန်ရင်ပြင်တွင် လမ်းဘေးဗုံးပေါက်ကွဲသဖြင့် အရပ်သားနှစ်ဦး ဒဏ်ရာရရှိသည်ဟု သတင်းရပ်ကွက်က ဆက်လက်ပြောကြားသည်။

ဘဂ္ဂဒက်မြို့အရှေ့ပိုင်း ဆာဒါမြို့ ရှီးယိုက်လူမျိုးများ နေထိုင်ရာ ရပ်ကွက်ဝင်ပေါက်ရှိ သောက်ရေပေးသည့် ပိုက်လိုင်းအောက်တွင် နောက်ထပ်လမ်းဘေးဗုံး ပေါက်ကွဲခဲ့သဖြင့် အခြားလူနှစ်ဦး ဒဏ်ရာရရှိခဲ့သည်ဟု သတင်းရပ်ကွက်က ပြောကြားသည်။

အမ်အင်အေ၊ဆင်ဟွာ။

အင်ဒိုနီးရှားနိုင်ငံ တောင်ဆူလာဝေစီဒေသ၌ ပျက်ကျသွားခဲ့သည့် ဘိုးရင်း လေယာဉ်ပျက်မှ အစိတ်အပိုင်းတစ်ခုကို တာဝန်ရှိသူများက ဇန်နဝါရီ ၁၁ ရက်တွင် ပြသနေစဉ်။

(ဓာတ်ပုံ–အင်တာနက်)

အီရတ်၌အမေရိကန်တပ်ဖွဲ့ဝင်ဦးရေတိုးမြှင့်မှု အထိအခိုက်အကျအဆုံး ပိုမိုဖြစ်စေနိုင်ဟုဆို

ဝါရှင်တန် ဇန်နဝါရီ ၁၃

အီရတ်တွင် အမေရိကန်တပ်ဖွဲ့အင်အားတိုးမြှင့်ရေး သမ္မတ ဂျော့ဒဗလျူဘုရှ်၏ အစီအစဉ်သည် လာမည့်နှစ်တွင် အမေရိကန် တပ်ဖွဲ့ဝင်များပိုမိုထိခိုက်သေဆုံးမှုကို ဖြစ်စေနိုင်ကြောင်း၊ အီရတ်နိုင်ငံတွင် ၂၀၀၈ခုနှစ်နှစ်ကုန်အထိ အမေရိကန်တပ်ဖွဲ့ဝင် ၁၀၀၀၀ သို့မဟုတ် ယင်းအရေအတွက်ထက်ပိုမို၍ သေဆုံး နိုင်သည်ဟုခန့်မှန်းကြောင်း အမေရိကန်စစ်ဌာနချုပ် (ပင်တဂွန်) စစ်ရေးစီမံကိန်း ရေးဆွဲသူများက သောကြာနေ့တွင် သတိပေးလိုက်သည်။

အီရတ်နိုင်ငံတွင် အမေရိကန်တပ်ဖွဲ့ကို ခုခံတိုက်ခိုက်မှုများ ဆက်လက်ဖြစ်ပေါ်နေနိုင်ကြောင်း ပင်တဂွန်၏ လျှို့ဝှက်အစီရင်ခံစာတစ်ရပ်၌ ဖော်ပြထားသည်။

စစ်ပန်း

အီရတ်နိုင်ငံတွင် စစ်ပန်းနေပြီဖြစ်သော အမေရိကန်တပ်ဖွဲ့ဝင်များသည် စစ်ရေးတာဝန် ထမ်းဆောင်ရာတွင် အမှားအယွင်းများ ပြုလုပ်နိုင်ကြောင်း၊ ယင်းအမှားများကြောင့် အမေရိကန်တပ်ဖွဲ့ဝင်များ အထိအခိုက်အကျအဆုံး ဖြစ်ပေါ်စေနိုင်ကြောင်း အစီရင်ခံစာ၌ ဖော်ပြထားသည်။

သေဆုံးနိုင်

အီရတ်နိုင်ငံတွင် ၂၀၀၇ခုနှစ် နှစ်ကုန်ထက်နောက်မကျစေဘဲ အမေရိကန်တပ်ဖွဲ့ဝင် ၆၀၀၀ အထိ သေဆုံးနိုင်ကြောင်း၊ ၂၀၀၈ခုနှစ်တွင် တပ်ဖွဲ့ဝင် ၁၀၀၀၀အထိ သို့မဟုတ် ယင်းအရေအတွက်ထက်ပိုမို၍ သေဆုံးနိုင်ကြောင်း၊ ဒဏ်ရာရသည့်တပ်ဖွဲ့ဝင် ၁၀၀၀၀၀ အထိရှိနိုင်ကြောင်း အစီရင်ခံတွင် ဖော်ပြသည်။ ***အင်တာနက်။***

အာဖဂန်နစ္စတန်နိုင်ငံ ကဘူးမြို့ အနီးတွင် ဗုံးပေါက်ကွဲမှုကြောင့် ပျက်စီးသွားသော မော်တော်ကားတစ်စီးကို ဇန်နဝါရီ ၁၂ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ–အင်တာနက်)

အင်ဒိုနီးရှား အရှေ့ပိုင်း၌ အင်အားပြင်း ငလျင်လှုပ်

ဂျကာတာ   ဇန်နဝါရီ   ၁၂

အင်ဒိုနီးရှားနိုင်ငံ အရှေ့ပိုင်းတွင် ဒီဇင်ဘာ ၁၁ ရက်က ပြင်းအား ၆ ဒသမ ၂ ရစ်ချ်တာစကေးရှိ ငလျင်လှုပ်သွားကြောင်း၊ ဆူနာမီရေလှိုင်းဖြစ်ပေါ်မှု အလားအလာ သို့မဟုတ် ထိခိုက်သေဆုံးသူ ရှိ၊ မရှိကို ချက်ချင်း မသိရှိရကြောင်း အင်ဒိုနီးရှားမိုးလေဝသနှင့် ဘူမိရူပအေဂျင်စီက ပြောကြားသည်။

အင်ဒိုနီးရှား စံတော်ချိန် ၂၁ နာရီ ၃၁ မိနစ်တွင် မာလူကာပြည်နယ် မြို့တော် အမ်ဘွန်အနောက်တောင်ဘက် ၇၃ ကီလိုမီတာအကွာရှိ ပင်လယ် ရေအောက် အနက် ၅၈ ကီလိုမီတာကို ဗဟိုပြု၍ ငလျင်လှုပ်ခတ်ကြောင်း ဘာယူပရာနာတာအေဂျင်စီမှ တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။ အင်ဒိုနီးရှားနိုင်ငံသည် မီးတောင်ပေါ်များပြီး ငလျင်လှုပ်ရာဇုန်အတွင်း ကျရောက်နေသည်။ ***အမ်အင်အေ၊ဆင်ဟွာ။***

လော့စ်အိန်ဂျလိစ်တွင် တောမီးလောင်ကျွမ်း

လော့စ်အိန်ဂျလိစ်   ဇန်နဝါရီ   ၁၂

လော့စ်အိန်ဂျလိစ်ဒေသ၏ အပန်းဖြေမြို့ဖြစ်သော မာလီဘူးမြို့တွင် တနင်္လာနေ့က တောမီးလောင်ကျွမ်းမှုကြောင့် အိမ်လေးလုံး လုံးဝဆုံးရှုံးသွားပြီး အခြားငါးလုံးလည်း ပျက်စီးသွားကြောင်း ဒေသဆိုင်ရာအာဏာပိုင်များက ပြောကြားသည်။

စုံစမ်း

မီးရှို့သူ မည်သူမည်ဝါဖြစ်ကြောင်း သိရှိရန် သက်ဆိုင်ရာများက စုံစမ်းလျက်ရှိသည်။

ကူးစက်လောင်ကျွမ်း

မီးသည် ညနေ ၅ နာရီသာသာခန့်တွင် မာလီဘူးကန်ရွန် အဝေးပြေးလမ်းပေါ်ရှိ ကမ်းခြေကို မျက်နှာမူထားသော အိမ်ကြီးအိမ်ကောင်းများကို ကူးစက်လောင်ကျွမ်းသွားသည်။

ထိုအိမ်များသည် နာမည်ကြီး အနုပညာရှင်များ၏ ဒေါ်လာ သန်းပေါင်းများစွာတန်သော အပန်းဖြေစခန်း အိမ်များဖြစ်ကြောင်း သိရသည်။

မီးငြိမ်းသတ်

မီးလောင်ရာသို့ မီးသတ်သမား ၃၀၀ ခန့်ရောက်ရှိလာပြီး မီးငြိမ်းသတ်ခဲ့ကြသည်။

ထို့ပြင် ညမှောင်နေသည့်ကြားမှ ရဟတ်ယာဉ် လေးစင်းကလည်း ကူညီ ငြိမ်းသတ်ပေးခဲ့ကြကြောင်း လော့စ် အိန်ဂျလိစ်ခရိုင်မှ မီးသတ်အရာရှိ အက်ဒ်လိုဇာနိုက ပြောကြားသည်။

ထင်မြင်ယူဆ

ကားမောင်းရင်း ဆေးလိပ်ကို ပစ်ခဲ့ရာမှ မီးလောင်ကျွမ်းခြင်းဖြစ်နိုင်ကြောင်း ထင်မြင် ယူဆလျက်ရှိသည်။

အမ်အင်အေ၊ဆင်ဟွာ။

အမေရိကန်၏ ဒုံးခွင်းဒုံးဖြန့်ကြက်မှုအစီအစဉ် ရုရှားတုံ့ပြန်မည်

မော်စကို ဇန်နဝါရီ ၁၂

ယခင် ဝါဆောစာချုပ်အဖွဲ့ဝင်နိုင်ငံများတွင် အထူးသဖြင့် ရုရှားနယ်စပ်နှင့် နီးသည့်နေရာများ၌ အမေရိကန် စစ်ဌာနချုပ်က ဒုံးခွင်းဒုံးစနစ်များ ဖြန့်ကြက်ထားမည်ဟူသော သတင်းများပေါ်ထွက်နေချိန်တွင် အရှေ့ဥရောပဒေသ၌ အမေရိကန် အမျိုးသားဒုံးခွင်းဒုံးစနစ် (အင်အမ်ဒီ) အစိတ်အပိုင်းများ ဖြန့်ကြက်မှုကို တုံ့ပြန်သည့်လုပ်ဆောင်မှု အစီအစဉ်များ ချမှတ်ဖော်ဆောင်ရမည်ဖြစ်ကြောင်း ရုရှားထိပ်တန်းတပ်မှူးတစ်ဦးက ဗုဒ္ဓဟူးနေ့တွင် သတိပေးပြောကြားလိုက်သည်။

ရုရှားနယ်စပ်အနီး ဒုံးကျည် ဖြန့်ကြက်မှုအပေါ် တုံ့ပြန်ရန် အစီအစဉ်ကို ချမှတ်ဖော်ဆောင်ရမည်ဟု ရုရှားမဟာဗျူဟာဒုံးပျံတပ်ဖွဲ့၏ ဦးစီးချုပ် ဆိုလော့ဆော့ဗ်က ပြောကြားသည်။

ပြောင်းလဲနိုင်

အမေရိကန်က အရှေ့ဥရောပဒေသတွင် အထူးသဖြင့် ရုရှားနယ်စပ်နှင့် နီးသည့်နေရာ၌ ဒုံးကျည် ကာကွယ်ရေးစနစ် တစ်စိတ်တစ်ဒေသကို ဖြန့်ကြက်ခဲ့ပါက အမေရိကန်က ရုရှားမဟာဗျူဟာ တပ်ဖွဲ့ဝင်များ၏ စွမ်းပကားအပေါ် ထူးထူးခြားခြား ဩဇာတိက္ကမ လွှမ်းမိုးသွားကာ အခြေအနေ ပြောင်းလဲသွားနိုင်ကြောင်း၊ ယင်းအခြေအနေတွင် အမေရိကန်၏ ဒုံးကျည်ကာကွယ်ရေးစနစ်ကို တန်ပြန်ရန်အတွက် နောက်ထပ်အစီအစဉ်များ ချမှတ် ဆောင်ရွက်ရမည်ဖြစ်ကြောင်း ၎င်းက ပြောကြားသည်။

အလေးထား

သင့်တင့်လျောက်ပတ်သည့် နိုင်ငံရေးနှင့် စစ်ရေးဆုံးဖြတ်ချက်များကို သင့်တော်သည့်အချိန်တွင် ချမှတ်ဖော်ဆောင်မည်ဟု ၎င်းကအလေးထားပြောကြားသည်။ ***အမ်အင်အေ၊ပီတီအိုင်။***

ဖိလစ်ပိုင်နိုင်ငံတောင်ပိုင်း မင်ဒါနာအိုကျွန်း၌ ဇန်နဝါရီ ၁၀ ရက်က ဗုံးပေါက်ကွဲမှု ဖြစ်ပွားခဲ့သော နေရာတွင် တာဝန်ရှိသူများ စစ်ဆေးနေစဉ်။ *(ဓာတ်ပုံ–အင်တာနက်)*

အိန္ဒိယ ထောက်လှမ်းရေးဂြိုဟ်တု ကမ္ဘာပတ်လမ်းကြောင်းအတွင်း လွှတ်တင်

ဆရီဟာရီကိုတာ ဇန်နဝါရီ ၁၂

အိန္ဒိယနိုင်ငံက အက်စ်အာအီး–၁ အမည်ရှိ ဂြိုဟ်တုတစ်လုံးကို ပီအက်စ်အယ်လ်ဗီ–စီ ၇ အမည်ရှိ ဒုံးပျံ၏ အကူအညီဖြင့် ဆာတစ်ဒါဝမ် အာကာသစခန်းမှ ကမ္ဘာပတ်လမ်းကြောင်းအတွင်းသို့ လွှတ်တင်ပေးခဲ့ကြောင်း ပီတီအိုင်သတင်းတစ်ရပ်တွင် ဖော်ပြထားသည်။

ယင်းကဲ့သို့ ဂြိုဟ်တုတစ်လုံး အာကာသအတွင်း လွှတ်တင်နိုင်ခဲ့သဖြင့် အိန္ဒိယနိုင်ငံသည် ဂြိုဟ်တု နည်းပညာပိုင်ဆိုင်သည့် နိုင်ငံအုပ်စုတွင် အခိုင်အမာ နေရာရရှိလာပြီဖြစ်ကြောင်း ပြသခြင်းပင်ဖြစ်သည်။

ဖော်ပြပါ ပီအက်စ်အယ်လ်ဗွီ ဒုံးပျံက ကာတိုဆက်–၂ အမည်ရှိ ခရီးဝေးထောက်လှမ်းရေး ဂြိုဟ်တုတစ်လုံးကို ကမ္ဘာပတ်လမ်းကြောင်းအတွင်းသို့ လွှတ်တင်ပေးခဲ့သည်။

ဖြန့်ဖြူးပေးနိုင်မည်

ယင်းဂြိုဟ်တုက ကမ္ဘာမြေနှင့်ပတ်သက်သည့် သတင်းစနစ်နှင့် ပထဝီသတင်းစနစ်များအတွက် အချက်အလက် ဖြည့်ဆည်းပေးရုံမက မြို့ပြနှင့် ကျေးလက်အခြေခံအဆောက်အအုံ ဖွံ့ဖြိုးရေးအပြင် ကွပ်ကဲမှုနှင့် စပ်လျဉ်း၍ အသေးစိတ်သတင်း ဖြန့်ဖြူးပေးနိုင်မည်ဖြစ်သည်။

အက်စ်အာအီးဂြိုဟ်တုသည် ကမ္ဘာပတ်လမ်းကြောင်းအတွင်း ၁၃ ရက်မှ ရက် ၃၀ လည်ပတ်နေမည်ဖြစ်ပြီး ဘင်္ဂလားပင်လယ်အော်အတွင်း ဆင်းသက်ဖွယ်ရှိပြီး ပြန်လည်ဆယ်ယူနိုင်မည်ဖြစ်ကြောင်း သိရသည်။ ***အမ်အင်အေ၊ပီတီအိုင်။***

အမေရိကန်နိုင်ငံ လပ်ဗီးဂတ်စ်မြို့၌ ကျင်းပသည့် အီလက်ထရွန်နစ်ပြပွဲတွင် အင်တဲလ်ကုမ္ပဏီက ထုတ်လုပ်သည့် နောက်ဆုံးပေါ် ကင်မရာ သစ်ကို ဇန်နဝါရီ ၁၂ ရက်က ပြသထားစဉ်။ *(ဓာတ်ပုံ–အင်တာနက်)*

စင်ကာပူရေကြောင်းလုပ်ငန်း ၂၀၀၆ခုနှစ်တွင် အောင်မြင်မှုပိုမိုရရှိ

စင်ကာပူ ဇန်နဝါရီ ၁၂

စင်ကာပူရေကြောင်းလုပ်ငန်းသည် ၂၀၀၆ခုနှစ်တွင် ထူးခြားစွာ တိုးတက်လာကြောင်း သယ်ယူပို့ဆောင်ရေးဌာနဝန်ကြီး ရေမွန်လမ်က ဇန်နဝါရီ ၁၀ရက် ညတွင် ပြောကြားသည်။

ကမ္ဘာလုံးဆိုင်ရာဆိပ်ကမ်းဝန်ဆောင်မှုတွင် စင်ကာပူဆိပ်ကမ်းသည် ထိပ်ဆုံးမှ အောင်မြင်လျက်ရှိကြောင်း၊ ကုန်သေတ္တာဝန်ဆောင်မှု၊ ကုန်စည်သယ်ယူပို့ဆောင်မှုနှင့် မီးထိုးဆီတို့တွင် အောင်မြင်လျက်ရှိကြောင်း၊ ရေကြောင်းလုပ်ငန်း၏ နှစ်သစ်ပွဲတော်တွင် လမ်က ပြောကြားသည်။

ယခင်နှစ်က စင်ကာပူဆိပ်ကမ်းက ကုန်စည်ယူနစ် ၂၄ဒသမ၈သန်းခန့်ကို ကိုင်တွယ်ပေးခဲ့ပြီး ၂၀၀၅ခုနှစ်ကထက် ၆ ဒသမ ၉ ရာခိုင်နှုန်း တိုးတက်လာကြောင်းလမ်ကပြောကြားသည်။

စင်ကာပူဆိပ်ကမ်းသို့ ဆိုက်ကပ်လာသော သင်္ဘောများ၏ စုစုပေါင်းကုန်စည် တန်ချိန်မှာ ၁ ဒသမ ၃ ဘီလီယံရှိပြီး ၁၄ ဒသမ ၄ ရာခိုင်နှုန်း တိုးတက်လာကြောင်း၊ မီးထိုးဆီရောင်းချရမှုမှာ တန်ချိန် ၂၈ ဒသမ ၄ သန်းရှိပြီး ယခင်နှစ်ကထက် ၁၁ ဒသမ ၄ရာခိုင်နှုန်း များပြားလာကြောင်း ဖော်ပြထားသည်။

စင်ကာပူ ဆိပ်ကမ်းသည် ကမ္ဘာပေါ်တွင် ဒသမမြောက် အရေးအပါဆုံး ဆိပ်ကမ်းဖြစ်လာကြောင်း ကုလသမဂ္ဂ ကုန်သွယ်ရေးနှင့် ဖွံ့ဖြိုးရေးညီလာခံမှ ၂၀၀၆ခုနှစ် အစီရင်ခံစာတွင် ဖော်ပြထားသည်။

သင်္ဘောများ မှတ်ပုံတင်မှုသည် ကမ္ဘာတွင် စင်ကာပူနိုင်ငံသည် စတုတ္ထမြောက် အများဆုံး နိုင်ငံဖြစ်ကြောင်း၊ ယခင်နှစ်က နိုင်ငံ၌ မှတ်ပုံတင်၍ ကုန်စည်သယ်ဆောင်သည့် သင်္ဘောများ၏ စုစုပေါင်းကုန်စည်တန်ချိန်မှာ ၃၄ ဒသမ ၈ သန်းရှိပြီး ၅ ဒသမ ၆ ရာခိုင်နှုန်းများပြားလာကြောင်း ဖော်ပြထားသည်။ ***အမ်အင်အေ၊ဆင်ဟွာ။***

ကမ္ဘောဒီးယား၌ ကမ်းလွန်ရေနံလုပ်ကွက်ရရှိရေး ပြည်ပမှ ရေနံကုမ္ပဏီသုံးခု ကြိုးပမ်းနေ

ဖနောင်ပင် ဇန်နဝါရီ ၁၂

ပြည်ပမှ ရေနံကုမ္ပဏီသုံးခုသည် ကမ္ဘောဒီးယားနိုင်ငံ ကမ်းလွန်ရေနံလုပ်ကွက်(ခ)မှ ရေနံရှာဖွေစူးစမ်းရေး အခွင့်အရေးများရယူနိုင်ရေး ကြိုးပမ်းနေသည့် အခြေအနေရှိနေကြောင်း သည်ကမ္ဘောဒီးယန်းဒေးလီး သတင်းစာက တနင်္လာနေ့တွင် ရေးသားသည်။

ထိုင်းနှင့်မလေးရှားမှ ရေနံကုမ္ပဏီတို့က ရေနံလုပ်ကွက်(ခ)တွင် ရေနံရှာဖွေစူးစမ်းနိုင်သည့် အခွင့်အရေး၏ ၁၀ ရာခိုင်နှုန်းကို ပူးတွဲဝယ်ယူရန် သဘောတူညီထားကြသည်ဟုသတင်းစာက ရေးသားသည်။

— လိုအပ် —

ယင်းအခွင့်အရေးများ ရယူနိုင်ရန် ကမ္ဘောဒီးယား အမျိုးသားရေနံ အာဏာပိုင်အဖွဲ့၏ သဘောတူညီ အတည်ပြုချက်ရရှိရန် လိုအပ်သည်ဟု သတင်းစာက ရေးသားသည်။

— ထိန်းချုပ် —

ယင်းအခွင့်အရေးများ ဝယ်ယူပြီးပါက ဖော်ပြပါ ကုမ္ပဏီသုံးခုသည် ရေနံလုပ်ကွက်(ခ)နှင့်ပတ်သက်သည့် ရေနံရှာဖွေရေးအခွင့်အရေးအားလုံးနီးပါးကို ထိန်းချုပ်ထားနိုင်မည်ဖြစ်သည်ဟု ဆိုသည်။

အမ်အင်အေ၊ဆင်ဟွာ။

ဘရာဇီးနိုင်ငံ ဆော်ပေါ်လိုမြို့၌ လျှောင်လှုပ်ပြီးနောက် အပျက်အစီးများကို ဇန်နဝါရီ ၁၂ရက်က တွေ့ရစဉ်။ *(ဓာတ်ပုံ–အင်တာနက်)*

ကူဝိတ်မှရေနံ ဘင်္ဂလားဒေ့ရှ် တင်သွင်းမည်

ဒါကာ ဇန်နဝါရီ ၁၂

ဘင်္ဂလားဒေ့ရှ်နိုင်ငံသည် ၂၀၀၇ခုနှစ် ပထမခြောက်လအတွင်း ကူဝိတ်နိုင်ငံမှ ရေနံထွက်ပစ္စည်း တန်ချိန် ၁ဒသမ ၂၆ သန်း ဝယ်ယူတင်သွင်းသွားမည်ဖြစ်ကြောင်း ဒေသခံသတင်းဌာနယူအင်ဘီက ဇန်နဝါရီ ၁၀ ရက်တွင် သတင်းပေးသည်။

ရေနံဝယ်ယူရေးနှင့် ပတ်သက်၍ စွမ်းအင်ဝန်ကြီးဌာနက တင်ပြလာသော အဆိုပြုချက်ကို ဘင်္ဂလားဒေ့ရှ်နိုင်ငံ ကုန်စည်ဝယ်ယူရေး ကော်မတီက အတည်ပြုပေးခဲ့သည်။

ရေနံထွက်ပစ္စည်းဝယ်ယူရေး အစီအစဉ်မှာ ၂၀၀၇ခုနှစ် ဇန်နဝါရီတွင် စတင်ပြီး ဇူလိုင်လတွင် အဆုံးသတ်မည် ဖြစ်သည်။ ဝယ်ယူရေး အဆိုပြုချက်တွင် ဒီဇယ်ဆီတန် ၉၆၀၀၀၀၊ ရေနံဆီတန် ၈၀၀၀၀နှင့် ဂျက်လေယာဉ်ဆီတန် ၁၃၀၀၀၀ ပါဝင်သည်။

နှစ်နိုင်ငံရေနံထွက် ပစ္စည်းဝယ်ယူရေး သဘောတူစာချုပ်အရဘင်္ဂလားဒေ့ရှ် ရေနံကော်ပိုရေးရှင်းသည် ကူဝိတ်ရေနံကော်ပိုရေးရှင်း လီမိတက်ထံမှ ရေနံများကို ဝယ်ယူသွားမည် ဖြစ်သည်။

အမ်အင်အေ၊ဆင်ဟွာ။

ကြေးမုံ The Mirror

နိုင်ငံတကာ သတင်းများ

သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးစိုးဝင်းအား နီပေါနိုင်ငံ သတင်းစာဆရာများအသင်းဥက္ကဋ္ဌ Mr. Manju Ratna Sakya ခေါင်းဆောင်သည့် နီပေါသတင်းစာဆရာကိုယ်စားလှယ်အဖွဲ့ လာရောက်တွေ့ဆုံစဉ်။ (သတင်းစဉ်)

သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူးအား နီပေါနိုင်ငံ သတင်းစာဆရာများအသင်း ဥက္ကဋ္ဌနှင့်အဖွဲ့ တွေ့ဆုံ

ရန်ကုန် ဇန်နဝါရီ ၁၃

ပြန်ကြားရေးဝန်ကြီးဌာန သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးစိုးဝင်းအား မြန်မာ–နီပေါ နှစ်နိုင်ငံ စာနယ်ဇင်းလုပ်ငန်းများပူးပေါင်းဆောင်ရွက်ရေးနှင့် ချစ်ကြည်ရင်းနှီးမှုမြှင့်တင်ရန်အတွက် ရန်ကုန်မြို့၌ ရောက်ရှိနေသော နီပေါနိုင်ငံ သတင်းစာဆရာများအသင်းဥက္ကဋ္ဌ Mr. Manju Ratna Sakya ခေါင်းဆောင်သည့် အဖွဲ့ဝင် ငါးဦးပါ နီပေါသတင်းစာဆရာကိုယ်စားလှယ်အဖွဲ့သည် ယနေ့ မွန်းလွဲ ၁နာရီတွင် ရန်ကုန်မြို့ ကမ်းနားလမ်းရှိ သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း နယူးလိုက်အော့ဖ်မြန်မာသတင်းစာတိုက် ဧည့်ခန်းမ၌ လာရောက်တွေ့ဆုံ နှုတ်ဆက်သည်။

ယင်းသို့ တွေ့ဆုံနှုတ်ဆက်ရာတွင် သတင်းနှင့် စာနယ်ဇင်းလုပ်ငန်း ညွှန်ကြားရေးမှူး(သတင်း) ဦးဝင်းတင်၊ စာတည်းမှူးချုပ်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

တွေ့ဆုံပွဲတွင် သတင်းနှင့်စာနယ်ဇင်း လုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးစိုးဝင်းက ပြန်ကြားရေးဝန်ကြီးဌာနမှ ထုတ်ဝေသည့် အမျိုးသားညီလာခံဆိုင်ရာမှတ်တမ်းစာအုပ်များ၊ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်မှု မှတ်တမ်းစာအုပ်များ၊ သတင်းစာရှင်းလင်းပွဲဆိုင်ရာ စာအုပ်များနှင့် ဆောင်းပါးပေါင်းချုပ် စာအုပ်များကို ဧည့်သည်တော် နီပေါနိုင်ငံ သတင်းစာဆရာများအသင်း ဥက္ကဋ္ဌထံ လက်ဆောင်အဖြစ်ပေးအပ်သည်။

ညပိုင်းတွင် သတင်းနှင့် စာနယ်ဇင်း လုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးစိုးဝင်းက နီပေါနိုင်ငံ သတင်းစာဆရာများအသင်းဥက္ကဋ္ဌနှင့် အဖွဲ့အား ရန်ကုန်မြို့ အနော်ရထာလမ်းနှင့် ဗိုလ်မြတ်ထွန်း လမ်းထောင့်ရှိ Queen Park Hotel၌ ညစာဖြင့် တည်ခင်းဧည့်ခံသည်။ (သတင်းစဉ်)

နီပေါ သတင်းစာဆရာကိုယ်စားလှယ်အဖွဲ့ ရောက်ရှိ

ရန်ကုန် ဇန်နဝါရီ ၁၃

မြန်မာ–နီပေါနှစ်နိုင်ငံ စာနယ်ဇင်းလုပ်ငန်းများ ပူးပေါင်းဆောင်ရွက်ရေးနှင့် ချစ်ကြည်ရင်းနှီးမှု မြှင့်တင်ရန်အတွက် နီပေါနိုင်ငံ သတင်းစာဆရာများအသင်းဥက္ကဋ္ဌ Mr. Manju Ratna Sakya ခေါင်းဆောင်သည့် အဖွဲ့ဝင်ငါးဦးပါ နီပေါသတင်းစာဆရာ ကိုယ်စားလှယ်အဖွဲ့သည် ယမန်နေ့ညပိုင်းတွင် လေကြောင်းခရီးဖြင့် ရန်ကုန်မြို့သို့ရောက်ရှိလာကြသည်။

အဆိုပါ နီပေါနိုင်ငံ သတင်းစာဆရာများအသင်းဥက္ကဋ္ဌ Mr. Manju Ratna Sakya ခေါင်းဆောင်သည့် သတင်းစာဆရာကိုယ်စားလှယ်အဖွဲ့အား ပြန်ကြားရေးဝန်ကြီးဌာန သတင်းနှင့် စာနယ်ဇင်းလုပ်ငန်း ညွှန်ကြားရေးမှူး(သတင်း) ဦးဝင်းတင်၊ ဒုတိယညွှန်ကြားရေးမှူး(သတင်း) ဦးခင်မောင်ကျော်ဒင်နှင့် တာဝန်ရှိသူများက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် ကြိုဆိုနှုတ်ဆက်ကြသည်။

ရန်ကုန်မြို့တွင် ရောက်ရှိနေသော နီပေါနိုင်ငံသတင်းစာဆရာများအသင်း ဥက္ကဋ္ဌ Mr. Manju Ratna Sakya ခေါင်းဆောင်သည့် ကိုယ်စားလှယ်အဖွဲ့သည် ယနေ့နံနက်ပိုင်းတွင် ရွှေတိဂုံစေတီတော်သို့ရောက်ရှိကြရာ ရွှေတိဂုံစေတီတော် ဂေါပကအဖွဲ့ဝင်များက ကြိုဆိုကြသည်။

ထို့နောက် နီပေါနိုင်ငံ သတင်းစာဆရာများအသင်းဥက္ကဋ္ဌနှင့် အဖွဲ့သည် ရွှေတိဂုံစေတီတော်အာရုံခံ တန်ဆောင်း၌ စေတီတော်အတွက် အလှူငွေများ ပေးအပ်လှူဒါန်းရာ ဂေါပကအဖွဲ့က လက်ခံပြီး ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်သည်။

ယင်းနောက် ဧည့်သည်တော် နီပေါနိုင်ငံ သတင်းစာဆရာများအသင်း ဥက္ကဋ္ဌနှင့်အဖွဲ့သည် ရွှေတိဂုံစေတီတော် ဧည့်သည်တော် မှတ်တမ်းစာအုပ်၌ လက်မှတ် ရေးထိုးသည်။

ယင်းနောက် ကိုယ်စားလှယ်အဖွဲ့သည်ရွှေတိဂုံစေတီတော်အား လက်ယာရစ် လှည့်လည်ကြည်ညို ဖူးမြော်ကြသည်။

ဆက်လက်၍ နီပေါနိုင်ငံသတင်းစာဆရာများ ကိုယ်စားလှယ်အဖွဲ့သည် နံနက် ၁၀ နာရီတွင် ကန်တော်ကြီး သဘာဝဥယျာဉ်သို့ ရောက်ရှိကြပြီး ဥယျာဉ်အတွင်း လှည့်လည်ကြည့်ရှုကြသည်။

ထို့နောက် နီပေါနိုင်ငံ သတင်းစာဆရာများအသင်းဥက္ကဋ္ဌနှင့် အဖွဲ့သည် မွန်းလွဲ ၂ နာရီခွဲတွင် ရန်ကုန်မြို့ နတ်မောက်လမ်းရှိ သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း မြန်မာ့အလင်းသတင်းစာတိုက်သို့ရောက်ရှိကြရာ စာတည်းမှူးချုပ် ဦးရဲမြင့်ဖေနှင့် တာဝန်ရှိသူများက ကြိုဆိုကြသည်။

ယင်းနောက် မြန်မာ့အလင်းသတင်းစာတိုက် ဧည့်ခန်းမ၌ စာတည်းမှူးချုပ် ဦးရဲမြင့်ဖေက ကြိုဆိုနှုတ်ခွန်းဆက်စကား ပြောကြားပြီး မြန်မာ့အလင်း သတင်းစာနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

ထို့နောက် နီပေါနိုင်ငံ သတင်းစာဆရာများအဖွဲ့သည် မြန်မာ့အလင်း သတင်းစာတိုက်အတွင်း လှည့်လည်ကြည့်ရှုလေ့လာကြသည်။ (သတင်းစဉ်)

နီပေါနိုင်ငံ သတင်းစာဆရာများအသင်းဥက္ကဋ္ဌ Mr. Manju Ratna Sakya ခေါင်းဆောင်သည့်အဖွဲ့ ရွှေတိဂုံစေတီတော်အား လှည့်လည်ဖူးမြော်ကြည်ညိုကြစဉ်။ (သတင်းစဉ်)

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၁၄–၁–၂၀၀၇ (တနင်္ဂနွေနေ့)

၇း၀၀	MRTV-4အဖွင့် Logo၊ ယနေ့အစီအစဉ်	၁၀း၀၀	နိုင်ငံတကာသတင်းအကျဉ်း
၇း၀၅	ဆရာဦးမြင့်လွင် (သန့်–တည်–ပွား) ဟောပြောဆွေးနွေးသော "အပါယ် ပိတ်တရား" အပိုင်း(၁) (ဓမ္မရဲ့ပင်ကိုသတ္တိ)	၁၀း၀၅	သီးနှံစိုက်ပျိုးအထွက်ထိုး "စပါးပန်းတိုင် အထွက်နှုန်း"
၇း၂၅	Sunday Talk [မျိုးမြတ်သူ၊ ဒေါက်တာဇော်သန်း၊ ကိုကို(စက်မှုတက္ကသိုလ်)]	၁၀း၁၅	တေးဂီတအစီအစဉ်
၈း၁၀	တေးဂီတအစီအစဉ်	၁၀း၂၀	မိသားစုတနင်္ဂနွေ (ကန်တော်ကြီး ရေချိုငါးဥယျာဉ်)
၈း၁၅	ကျောက်ဆစ်ထွင်းထုပုံဖော်ပြု အနုမြတ်ပညာ	၁၀း၅၀	တေးဂီတအစီအစဉ်
၈း၂၅	တေးဂီတအစီအစဉ်	၁၀း၅၅	တစ်ကျော့ပြန်တီဘီ အပိုင်း(၁) (ဒေါက်တာဇေစိုး)
၈း၃၀	နိုင်ငံတကာအနုပညာရေးရာ	၁၁း၁၅	ပြည်တွင်းသတင်းအကျဉ်း
၉း၀၀	ပြည်တွင်းသတင်းအကျဉ်း	၁၁း၂၅	မိုးလေဝသခန့်မှန်းချက်
၉း၁၀	ဆောင်းရာသီအားလပ်ရက်များ	၁၁း၃၀	Music Gallery (ပိုးအိစံ–အချစ်ဆုံးပေးတဲ့ လွမ်းသူ့စာခွေ)
၉း၂၀	တေးဂီတအစီအစဉ်	၁၂း၀၅	ကုန်သွယ်စီးပွားနိုင်ငံ့အား (သွင်းကုန်လုပ်ငန်း လုပ်ထုံးလုပ်နည်းများ)
၉း၂၅	အောင်မြင်ပျော်ရွှင် ဇနီးမောင်နှံဘဝတွင် (ဒါရိုက်တာဝင်းထွန်းထွန်း–မသစ်သစ်မြင့်ဆိုင်နှင့် တွေ့ဆုံခြင်း	၁၂း၃၀	နိုင်ငံတကာသတင်းအကျဉ်း
		၁၂း၃၅	ပတ်ဝန်းကျင်သန့်ရှင်းဖို့ရာ ရေဆိုးရေသန့်စင်စက်ရုံက ကူညီမှာ
		၁၂း၅၅	တေးဂီတအစီအစဉ်
		၁း၀၀	MRTV-4 အပိတ် Logo

၂၀၀၇ အာဆီယံချန်ပီယံရှစ် ဘောလုံးပြိုင်ပွဲ တိုက်ရိုက်ထုတ်လွှင့်ပြသမည့် အစီအစဉ်

အုပ်စု(က)ပွဲစဉ်

ညနေ	ပွဲစဉ်	ပြသမည့်လိုင်း
၄း၀၀	မြန်မာနှင့် မလေးရှား	MRTV-4(Live)

အထက်ပါ ၆ နာရီစာ အစီအစဉ်များကို နံနက် ၇ နာရီမှ မွန်းလွဲ ၁ နာရီအထိ တစ်ကြိမ်၊ မွန်းလွဲ ၁ နာရီမှ ည ၇ နာရီ အထိ တစ်ကြိမ်၊ ည ၇ နာရီမှ နံနက် ၁ နာရီအထိတစ်ကြိမ်၊ နံနက် ၁ နာရီမှ ၇ နာရီအထိတစ်ကြိမ် လေးကြိမ် ဆက်တိုက် ၂၄ နာရီအချိန်ပြည့် ထုတ်လွှင့်သွားမည်ဖြစ်ပါသည်။

MRTV-4 အစီအစဉ်များကို ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ပါသည်။

English Premier League ဘောလုံးပွဲစဉ်

ညပိုင်း	ပွဲစဉ်	ပြသမည့်လိုင်း
၇း၃၀	ပွဲကြိုသုံးသပ်ချက်	5-Sports(Live)
၈း၁၀	Everton-Reading	5-Sports(Live)
၁၀း၂၅	Tottenham-Newcastle	5-Sports(Live)

Series A ဘောလုံးပွဲစဉ်

ညပိုင်း	ပွဲစဉ်	ပြသမည့်လိုင်း
၈း၃၀	AC Milan-Reggina	5 Series (Live)

အင်အားအလွန်ပြင်းထန်သော မြေငလျင်တစ်ခု လှုပ်ရှား

ရန်ကုန် ဇန်နဝါရီ ၁၃

ယနေ့နံနက်မြန်မာစံတော်ချိန် ၁၁နာရီ ၀၂မိနစ် ၅၄စက္ကန့်အချိန်တွင် ကမ္ဘာအေး မြေငလျင်စခန်း၏အရှေ့မြောက်ဘက် မိုင်၃၈၈၀ခန့် ကွာဝေးသောနေရာ (မြန်မာနိုင်ငံပြင်ပ)ကိုဗဟိုပြု၍ အင်အားရစ်ချ်တာစကေး ၇ ဒသမ ၉ အဆင့်ရှိ အင်အားအလွန်ပြင်းထန်သောမြေငလျင်တစ်ခု လှုပ်ရှားသွားကြောင်း မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနကထုတ်ပြန်သည်။

မြန်မာနိုင်ငံ စာပေနှင့်စာနယ်ဇင်းအဖွဲ့ ရန်ပုံငွေအတွက် အလှူငွေပေးအပ်

ရန်ကုန် ဇန်နဝါရီ ၁၃

၂၀၀၄ ခုနှစ် အမျိုးသားစာပေ(နိုင်ငံရေး)ဆုရ စာရေးဆရာ ဗိုလ်မှူးချုပ်သန်းတင်(ငြိမ်း)က မြန်မာနိုင်ငံ စာပေနှင့်စာနယ်ဇင်းအဖွဲ့ ရန်ပုံငွေအတွက် အလှူငွေပေးအပ်ပွဲကို ဇန်နဝါရီ ၁၁ ရက် နံနက် ၁၁ နာရီတွင် မြန်မာနိုင်ငံ စာပေနှင့်စာနယ်ဇင်းအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ကျင်းပသည်။

အလှူငွေပေးအပ်ပွဲတွင် အမျိုးသားစာပေ(နိုင်ငံရေး)ဆုရ စာရေးဆရာ ဗိုလ်မှူးချုပ်သန်းတင်(ငြိမ်း)က မြန်မာနိုင်ငံ စာပေနှင့်စာနယ်ဇင်းအဖွဲ့ ရန်ပုံငွေအတွက် ငွေကျပ်တစ်သိန်းကို ပေးအပ်လှူဒါန်းရာ မြန်မာနိုင်ငံ စာပေနှင့်စာနယ်ဇင်းအဖွဲ့ ဥက္ကဋ္ဌဦးလှမြိုင်(ကိုဆောင်း)နှင့် ဒုတိယဥက္ကဋ္ဌများက လက်ခံကြပြီး ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်ကြောင်းသတင်းရရှိသည်။ (သတင်းစဉ်)

ရေးမြို့နယ်အသင်း(ရန်ကုန်)နှစ်ပတ်လည်အစည်းအဝေး သက်ကြီးပူဇော်ပွဲနှင့် ပညာရည်ချွန်ဆုပေးပွဲ ကျင်းပမည်

ရန်ကုန် ဇန်နဝါရီ ၁၃

ရေးမြို့နယ်အသင်း (ရန်ကုန်) နှစ်ပတ်လည်အစည်းအဝေး၊ သက်ကြီးပူဇော်ပွဲနှင့် ပညာရည်ချွန်ဆုပေးပွဲကို ဇန်နဝါရီ ၂၇ ရက် (စနေနေ့) နံနက် ၉ နာရီတွင် ဗဟန်းမြို့နယ် (၃)လမ်း ရွှေတိဂုံဘုရားအရှေ့ဘက်မုခ်ရှိ ခေမာရာမ သီလရှင်စာသင်တိုက်၌ ကျင်းပမည်ဖြစ်သည်။

အသင်းသူ အသင်းသားများနှင့် မြို့နယ်သူ၊ မြို့နယ်သားများ စုံညီစွာ တက်ရောက်ကြပါရန်နှင့် အသက် (၇၅)နှစ်အထက် အသင်းသူ၊ အသင်းသားများ၏ အမည်စာရင်း၊ ၂၀၀၆ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ ဂုဏ်ထူးရသူများနှင့်အောင်မြင်ကြသူ ကျောင်းသား၊ ကျောင်းသူများစာရင်းကို ဇန်နဝါရီ ၂၀ ရက် နောက်ဆုံးထား၍ ဥက္ကဋ္ဌ ဦးဝါရိန် ဖုန်း–၂၅၀၃၃၂၊ အတွင်းရေးမှူး ဦးဖေအောင် ဖုန်း–၅၇၀၀၆၂၊ တွဲဖက်အတွင်းရေးမှူး ဦးဝင်းတင် ဖုန်း–၅၇၂၅၄၂၊ ဦးသက်ဝေ ဖုန်း–၅၄၈၃၇၅၊ ဒေါ်ခင်စောမြင့် ဖုန်း– ၅၀၁၅၁၇၊ ဒေါ်မိဆန် ဖုန်း–၀၉၉၉၂၀၃၁၈တို့နှင့် ဆက်သွယ်သတင်းပို့ပါရန်နှင့် ပညာရည်ချွန်ဆုပေးပွဲ၊ သက်ကြီးပူဇော်ပွဲတွင် ပါဝင်လှူဒါန်းလိုသူများ အမြန်ဆက်သွယ်နိုင်ကြောင်းသိရသည်။ (က–ပ)

✳ ကျောဖုံးမှ

ယင်းနောက် ဝန်ကြီးနှင့်အဖွဲ့သည် သာကေတစက်ရုံ Gas Station သို့ ရောက်ရှိပြီး စက်စွမ်းအား အပြည့်အဝ လည်ပတ်နိုင်ရန် သဘာဝဓာတ်ငွေ့သန့်စင်မှုတ်ထုတ်နေမှု၊ စက်ရုံအမှတ် (၁)စက်၌ First Stage Nozzle အသစ်များ လဲလှယ်ဆောင်ရွက်နိုင်ရန် ကြံ့ခိုင်ရေးဆောင်ရွက်မှုတို့ကို အသေးစိတ်ကြည့်ရှုစစ်ဆေးပြီး ဝန်ကြီးက လိုအပ်သည်များကို ဆောင်ရွက်ပေးသည်။

ဆက်လက်၍ ဝန်ကြီးနှင့်အဖွဲ့သည် လှော်ကား ဓာတ်အားပေးစက်ရုံသို့ ရောက်ရှိပြီး Gas Station အတွင်း စက်လည်ပတ်မှု မထိခိုက်စေရန် သဘာဝဓာတ်ငွေ့ သန့်စင်မှုတ်ထုတ်ဆောင်ရွက်မှုကို ကြည့်ရှုစစ်ဆေးပြီး တာဝန်ခံအင်ဂျင်နီယာ ဦးအောင်နိုင်က ကမ်းလွန်သဘာဝဓာတ်ငွေ့နှင့် ကုန်းတွင်းသဘာဝဓာတ်ငွေ့ပိုက်လိုင်း ဆက်သွယ်ဆောင်ရွက်ထားရှိမှု၊ သဘာဝဓာတ်ငွေ့ ထိန်း/ဖြန့် စခန်း၌ သဘာဝဓာတ်ငွေ့ သန့်စင်မှုတ်ထုတ်မှု၊ ထိန်း/ဖြန့် Control Room ၌ သဘာဝဓာတ်ငွေ့ လက်ခံရရှိမှုနှင့် ဖြန့်ဖြူးမှုအခြေအနေများကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ ဝန်ကြီးနှင့်အဖွဲ့အား စက်ရုံရှင်းလင်းခန်းမ၌ စက်ရုံမှူး ဦးသိန်းဇော်က စက်စွမ်းအားပြည့် လည်ပတ်နိုင်ရန် အသစ်လဲလှယ်မည့် Filter အသစ်များကို ရှင်းလင်းပြသပြီး ဝန်ကြီးက လိုအပ်သည်များကို မှာကြားပြီး စွမ်းအင်ဝန်ကြီးဌာန သဘာဝဓာတ်ငွေ့ပိုက်လိုင်း အထွေထွေမန်နေဂျာ ဦးဝင်းမြင့်က သဘာဝဓာတ်ငွေ့ပိုက်လိုင်းအတွင်း သန့်ရှင်းရေး ဆောင်ရွက်မည့်အခြေအနေများကို အသေးစိတ်ရှင်းလင်းတင်ပြပြီး စွမ်းအင်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်သန်းဌေးက သဘာဝဓာတ်ငွေ့ပိုက်လိုင်း သန့်စင်မှုဆောင်ရွက်ရာတွင် အပိုင်းလိုက် ပိုက်လိုင်းများ သန့်စင်ဆောင်ရွက်မှုအခြေအနေများကို အသေးစိတ်ရှင်းလင်းတင်ပြသည်။

ယင်းနောက်တာဝန်ရှိသူများက သဘာဝဓာတ်ငွေ့သန့်စင်ခြင်းလုပ်ငန်းများ လုပ်ကိုင်ဆောင်ရွက်ရာတွင် စက်စွမ်းအားပြည့် လည်ပတ်နိုင်မှုတို့ကို ထိခိုက်မှုမရှိစေရန် တာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်းမည့် အစီအစဉ်များ အသေးစိတ်တင်ပြရာ ဝန်ကြီးက လျှပ်စစ်ဓာတ်အား ပိုမိုထုတ်လုပ်နိုင်ရန် တာဝန်ရှိသူများ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်စေလိုကြောင်း၊ နိုင်ငံတော်၏ ကုန်ထုတ်စွမ်းအား မြင့်မားတိုးတက်ရေးအတွက် အစွမ်းကုန်ကြိုးပမ်း ဆောင်ရွက်ကြစေလိုကြောင်း ပြောကြားပြီး လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးသည်။

ဆက်လက်၍ မွန်းလွဲပိုင်းတွင် ဝန်ကြီး ဗိုလ်ချုပ်ခင်မောင်မြင့်သည် တာဝန်ရှိသူများလိုက်ပါလျက် လှိုင်သာယာမြို့နယ် ရန်ကုန်-ပုသိမ်ကားလမ်းဘေးရှိ 230 KV လှိုင်သာယာ ပင်မဓာတ်အားခွဲရုံသို့ ရောက်ရှိသည်။ Switch Gear Room ၌ လျှပ်စစ်ဓာတ်အားလက်ခံရရှိမှု၊ ဖြန့်ဖြူးမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးရာ ဓာတ်အားခွဲရုံမှူး ဦးကျော်ခိုင်ထွန်းက 230 KV မြောင်းတကာ ဓာတ်အားခွဲရုံမှ ဓာတ်အားလက်ခံရရှိမှုနှင့် ဖီဒါများအလိုက် ဓာတ်အားဖြန့်ဖြူးမှုများကိုလည်းကောင်း၊ အင်ဂျင်နီယာချုပ် ဦးထွန်းအေးက ရန်ကုန်မြို့တော် လျှပ်စစ်ဓာတ်အား အပြည့်အဝဖြန့်ဖြူးပေးနိုင်ရန် ဓာတ်အားလိုင်းများ ဆောင်ရွက်ထားရှိမှု အခြေအနေများကိုလည်းကောင်း ရှင်းလင်းတင်ပြကြသည်။

ကြည့်ရှုစစ်ဆေး

ယင်းနောက် ဓာတ်အားခွဲရုံမှူး ဦးကျော်ခိုင်ထွန်းက ပင်မခွဲရုံတည်နေရာနှင့် ဝန်ထမ်းအိမ်ရာ တည်ဆောက်ပြီးစီးမှု၊ ခွဲရုံတည်ဆောက်မှု၊ ဓာတ်အားလက်ခံရရှိမှုနှင့် ဓာတ်အားဖြန့်ဖြူးပေးမှု အခြေအနေများကို လည်းကောင်း ရှင်းလင်းတင်ပြရာ ဝန်ကြီးက စီမံချက်များအရ ဖြစ်ပေါ်လာမည့် ဓာတ်အားစနစ်အခြေအနေများကို အသေးစိတ်ရှင်းလင်းပြောကြားပြီး Switch Yard အတွင်း 230 KV လှိုင်သာယာ-ရေကြည်(အသုတ်) ဓာတ်အားလိုင်း ဆက်သွယ်ဆောင်ရွက်မှုနှင့် ၃၃ KV ဖီဒါခုနစ်ခု ဖြန့်ဖြူးမှုများကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ဆက်လက်၍ ဝန်ကြီးနှင့်အဖွဲ့သည် ဧရာဝတီတိုင်း ညောင်တုန်းမြို့နယ် ဆားမလောက်ကျေးရွာ အနောက် 230 KV လှိုင်သာယာ-ရေကြည်(အသုတ်) ဓာတ်အားလိုင်း တည်ဆောက်မှုလုပ်ငန်းခွင်သို့ ရောက်ရှိရာ ဓာတ်အားပို့လွှတ်ရေးစီမံကိန်း(တောင်ပိုင်း) ညွှန်ကြားရေးမှူး ဦးသိန်းလှိုင်က ဓာတ်အားလိုင်း တည်ဆောက်မှုအခြေအနေများကို ရှင်းလင်းတင်ပြရာ ဝန်ကြီးနှင့်အဖွဲ့သည် လျှပ်စစ်ကျွမ်းကျင် လုပ်သားများ ကြိုးဆွဲကြိုးတင်းခြင်း လုပ်ငန်းဆောင်ရွက်နေမှုနှင့် တန်းရှင်းတာဝါတိုင် အမှတ်(၉၄)၌ လုပ်ငန်းဆောင်ရွက်မှုတို့ကို ကြည့်ရှုစစ်ဆေးပြီး လုပ်ငန်းခွင်အန္တရာယ်ကင်းရှင်းရေးတို့ကို အလေးထားဆောင်ရွက်ရေး၊ လုပ်ငန်းများဆောင်ရွက်မှု အချိန်မီပြီးစီးရေး မှာကြားပြီး လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

နှင်းဆီကုန်းဘိုးဘွားရိပ်သာသို့ ဆပ်ပြာများ လှူဒါန်းပွဲ ကျင်းပ

ရန်ကုန် ဇန်နဝါရီ ၁၃

Excel Co., Ltd က နှင်းဆီကုန်းဘိုးဘွားရိပ်သာသို့ ငွေကျပ်လေးသိန်းကျော် တန်ဖိုးရှိ Cusson International Ltd. (England) မှ ထုတ်လုပ်သော Imperial Leather Soap, Baby Product နှင့် Kids Soap ပစ္စည်းများ လှူဒါန်းပွဲကို အဆိုပါရိပ်သာ၌ ဇန်နဝါရီ ၁၁ရက်က ကျင်းပသည်။

Cusson International Ltd (England) မှ ထုတ်လုပ်သော ဆပ်ပြာများကို အသုံးပြုခြင်းဖြင့် လူကြီးများ၏အသားအရေသည် ကလေးများ၏ အသားအရေကဲ့သို့ နူးညံ့လာနိုင်သည်။ Imperial Leather Soap သည် Pam Oil ကို အသုံးပြုထားပြီး ရေမွှေးအစစ်ထည့်သွင်းထားသဖြင့် အသားအရေကို နူးညံ့ချောမွတ်စေသည့်အပြင် Skin disease ဖြစ်ခြင်းမှ ကာကွယ်ပေးသည်။

Cusson Baby Soap သည် Provitanmin B-5 ပါဝင်သောကြောင့် အသားအရေကို ပိုးမွှားများရန်မှကာကွယ်ပေးပြီး စိုပြည်သောအသားအရေကို ပိုင်ဆိုင်စေသည်။ အလားတူ Cusson Baby Oil၊ Cusson Skin Whitening (M) Lotion နှင့် Cusson Baby Powder တို့သည် အသားအရေခြောက်သွေ့မှု ကာကွယ်ပေးခြင်း၊ အအေးဒဏ်ခံနိုင်၍ အသားမပပ်ခြင်း၊ အသားအရေနူးညံ့စေခြင်း၊ အသားမပွန်းစေရန်ကာကွယ်ပေးခြင်း၊ အသားအရေယားယံမှုနှင့်ပွန်းပဲ့မှုကိုကာကွယ်ပေးခြင်းများဖြစ်ပေါ်စေသည်။

Cusson Baby Shampoo၊ Cusson Baby Bath၊ Cusson Baby Cologne တို့ကိုလည်း ထုတ်လုပ်ထားရာ ထူးခြားသောအရည်အသွေးမြင့်ကုန်ပစ္စည်းများဖြစ်သဖြင့် လူကြီး၊ လူငယ်မရွေးသုံးစွဲနိုင်ကြောင်း၊ ကလေးသုံးပစ္စည်းပင်ဖြစ်သော်လည်း လူကြီးများအတွက်လည်း အထူးသင့်လျော်ကြောင်း သိရသည်။ (သတင်းစဉ်)

ဝန်ကြီး ဗိုလ်မှူးချုပ်လွန်းသီအား ဒေဝူးအင်တာနေရှင်နယ်ကုမ္ပဏီဥက္ကဋ္ဌ တွေ့ဆုံ

နေပြည်တော် ဇန်နဝါရီ ၁၃

စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်လွန်းသီအား ဒေဝူးအင်တာနေရှင်နယ်ကုမ္ပဏီမှ President & CEO, Mr.Young Won Kangနှင့် အဖွဲ့သည် ယမန်နေ့ ညနေ ၅နာရီတွင် နေပြည်တော်ရှိ စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီးရုံး ဧည့်ခန်းမ၌ လာရောက်တွေ့ဆုံပြီး စွမ်းအင်ဆိုင်ရာ ကိစ္စရပ်များနှင့်စပ်လျဉ်း၍ ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးကြသည်။

ထိုသို့တွေ့ဆုံရာတွင် စွမ်းအင်ဝန်ကြီးဌာန စွမ်းအင်စီမံရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးစိုးမြင့်၊ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးစိုးအောင်၊ မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးမြင့်ကြည်နှင့် တာဝန်ရှိသူများ တက်ရောက်ကြကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ရေကြောင်းသတိပေးချက် ထုတ်ပြန်

ရန်ကုန် ဇန်နဝါရီ ၁၃

မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်းနှင့် ရေနံရှာဖွေ တူးဖော်ရေးလုပ်ငန်းများတွင် အကျိုးတူပူးပေါင်းဆောင်ရွက်လျက်ရှိသော CNOOC Myanmar Ltd မှ ရခိုင်ကမ်းလွန်လုပ်ကွက်အမှတ် (A-4)နှင့် မုတ္တမကမ်းလွန်လုပ်ကွက်အမှတ် (M-10)တို့၌ Geophysical Survey တိုင်းတာရေးလုပ်ငန်းများကို တိုင်းတာရေးရေယာဉ် MV Nan Hai 502 ဖြင့် ၂၀၀၇ ခုနှစ် ဇန်နဝါရီ ၂၀ ရက်မှ မတ် ၁၄ ရက်အထိ ဆောင်ရွက်သွားမည်ဖြစ်သည်။

Geophysical Survey တိုင်းတာရေးလုပ်ငန်းများ ဆောင်ရွက်မည့် ဧရိယာနှင့် အချိန်ကာလများမှာ Block A-4 မြောက်လတ္တီတွဒ် ၁၉ ဒီဂရီ ၀၆ မိနစ် ၀၀ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၂ ဒီဂရီ ၅၈ မိနစ် ၀၀စက္ကန့်၊ မြောက်လတ္တီတွဒ် ၁၉ ဒီဂရီ ၀၆ မိနစ် ၀၀ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၃ ဒီဂရီ ၃၀ မိနစ် ၀၀ စက္ကန့်၊ မြောက်လတ္တီတွဒ် ၁၈ ဒီဂရီ ၁၀ မိနစ် ၀၀စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၃ ဒီဂရီ ၁၄ မိနစ် ၀၀ စက္ကန့်နှင့် မြောက်လတ္တီတွဒ် ၁၈ ဒီဂရီ ၁၀ မိနစ် ၀၀ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ်၉၃ ဒီဂရီ ၅၆ မိနစ် ၀၀ စက္ကန့်အတွင်း၌ ဇန်နဝါရီ ၂၀မှ ဖေဖော်ဝါရီ ၁၄ ရက်အထိ လည်းကောင်း၊ Block M-10 မြောက်လတ္တီတွဒ် ၁၄ ဒီဂရီ ၃၈ မိနစ် ၀၀ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၆ ဒီဂရီ ၁၂ မိနစ် ၀၀စက္ကန့်၊ မြောက်လတ္တီတွဒ် ၁၄ ဒီဂရီ ၃၈ မိနစ် ၀၀ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၇ ဒီဂရီ ၀၆ မိနစ် ၀၀ စက္ကန့်၊ မြောက်လတ္တီတွဒ် ၁၃ ဒီဂရီ ၅၀ မိနစ် ၀၀ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၆ ဒီဂရီ ၁၂ မိနစ် ၀၀ စက္ကန့်နှင့် မြောက်လတ္တီတွဒ် ၁၃ ဒီဂရီ ၅၀ မိနစ် ၀၀ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၇ ဒီဂရီ ၀၆ မိနစ် ၀၀ စက္ကန့်အတွင်း၌ ဖေဖော်ဝါရီ ၁၆ ရက်မှ မတ် ၁၄ ရက်အထိလည်းကောင်း ဆောင်ရွက်သွားမည်ဖြစ်သည်။

သို့ပါ၍ ရခိုင်ကမ်းလွန်လုပ်ကွက်အမှတ် (A-4)နှင့် မုတ္တမကမ်းလွန်လုပ်ကွက်အမှတ် (M-10) တို့၌ တိုင်းတာရေးရေယာဉ် MV Nan Hai 502 ဖြင့် Geophysical Survey တိုင်းတာရေးလုပ်ငန်းများ ဆောင်ရွက်နေစဉ် ကာလအတွင်းလုပ်ငန်းများ နှောင့်နှေးကြန့်ကြာမှု မဖြစ်ပေါ်စေရေးအတွက် ဖော်ပြပါ လုပ်ငန်းခွင်ဧရိယာမှ (၄ ကီလိုမီတာ ပတ်လည်အတွင်းအား ရေကြောင်းသတိပေးချက် (Notice to Mariner's) ထုတ်ပြန်ကြေညာထားပါ၍ သင်္ဘောကြီး/ငယ်များ၊ ကုန်တင်စက်လှေများ၊ စက်တပ်သမ္ဗန်များနှင့် ငါးဖမ်းသင်္ဘောများ ဖြတ်သန်းသွားလာခြင်း၊ ကျောက်ချရပ်နားထားခြင်း၊ ငါးဖမ်းဆီးခြင်း၊ ငါးဖမ်းကိရိယာများ ချထားခြင်းများ မပြုလုပ်ကြရန် ငါးလုပ်ငန်းဦးစီးဌာနက အသိပေးကြေညာထားသည်။ (သတင်းစဉ်)

နှင်းဆီကုန်းဘိုးဘွားရိပ်သာသို့ Cusson International Ltd. (England) **မှ ထုတ်လုပ်သည့်ပစ္စည်းများ ပေးအပ်လှူဒါန်းစဉ်။** (သတင်းစဉ်)

ဗုဒ္ဓမြတ်စွာဘုရား၏ ဒေသနာကျမ်းဂန်တော်လာ ဂိဟိဝိနယ ဆုံးမစာအမှတ်စဉ် (၆)

အကြီးအကဲကျင့်ဝတ် ခြောက်ပါး

အကြီးအကဲဖြစ်မည့်သူများနှင့် အကြီးအကဲအဖြစ် ဦးဆောင်သူများသည် အနည်းဆုံး အောက်ပါ နာယကဂုဏ် ခြောက်ပါးနှင့် ပြည့်စုံရန် လိုအပ်ပါသည်-

- **ထထကြွကြွ လုံ့လဝီရိယရှိခြင်း**
- **အမြဲတမ်းသတိဖြင့် နိုးကြားတက်ကြွခြင်း**
- **သနားကြင်နာစိတ်ရှိခြင်း**
- **သည်းခံခွင့်လွှတ်လိုစိတ်ရှိခြင်း**
- **အရာရာကို ပိုင်းခြားဝေဖန်တတ်သော အသိပညာပြည့်စုံခြင်း**
- **အလျင်စလိုဆောင်ရွက်ခြင်းမျိုးမဟုတ်ဘဲ အကြောင်းခြင်းရာမျိုးစုံကို ထောက်ရှုဆောင်ရွက်တတ်ခြင်း**

ဟူသည့် နာယကဂုဏ် ခြောက်ပါးနှင့် ပြည့်စုံသူတို့သည် မိမိတို့ရှိရာ ပတ်ဝန်းကျင်အလိုက် အကြီးအကဲများအဖြစ် ဆောင်ရွက်ကြရပါသည်။

(နာယကဂုဏ် ခြောက်ပါးဟု ဆိုသော်ငြားလည်း ထိုခြောက်ပါးထက် အဆ ရာထောင်မက ပြည့်စုံလုံလောက်အောင် သိရှိနားလည်မည် ဆိုပါက ပိုမိုကောင်းမွန်ပါသည်။)

"ထကြွနိုးကြား၊ သနား၊ သည်းခံ၊ ဝေဖန်ထောက်ရှု" ဤခြောက်ခုကား ကြီးသူကျင့်ရာ တရားတည်း။

ရပ်ကွက်အဆင့်မှမြို့ပြနိုင်ငံအဆင့်ဆင့်အထိ အုပ်ချုပ်ကွပ်ကဲ တာဝန်ယူဆောင်ရွက်ကြရသော ပုဂ္ဂိုလ်များသည် နာယကဂုဏ် ခြောက်ပါးနှင့်အညီ စီမံကွပ်ကဲ အုပ်ချုပ်သွားမည်ဆိုပါက ထိုရပ်ကွက်၊ ထိုမြို့ရွာ၊ ထိုနိုင်ငံတို့သည် အတိုင်းမသိ စည်ပင်ဝပြောသာယာသော ဒေသများသာ ဖြစ်ကြမည်မှာ မလွဲပါပေ။ **(သာသနာရေး)**

မင်္ဂလာဗျူဟာ အသင်းချုပ် နှစ်ပတ်လည်အစည်းအဝေး

ရန်ကုန် ဇန်နဝါရီ ၁၃

မင်္ဂလာဗျူဟာအသင်းချုပ် အကြိမ် (၅၀)မြောက် နှစ်ပတ်လည် သင်းလုံးကျွတ်အစည်းအဝေးကို ဇန်နဝါရီ ၂၈ ရက် တနင်္ဂနွေနေ့ မွန်းလွဲ ၁နာရီတွင် ဗဟန်းမြို့နယ် အာဇာနည်လမ်းရှိ အသင်းချုပ်၌ ကျင်းပမည်ဖြစ်ရာ အသင်းသား၊ အသင်းသူများ မပျက်မကွက်တက်ရောက်ကြရန် ဖိတ်ကြားထားသည်ဟု သိရသည်။ (၂၃)

မြန်မာ့ရုပ်မြင်သံကြားအစီအစဉ်

၁၄-၁-၂၀၀၇ (တနင်္ဂနွေနေ့)

နံနက်ပိုင်း

၇း၀၀	၁။	**အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက တောင်တန်းသာသနာပြု ဆရာတော်ကြီး ဦးဥတ္တမသာရ၏ ပရိတ်တရားတော်**
၇း၂၅	၂။	ကျန်းမာဖို့ အတူကစားစို့
၇း၃၀	၃။	နံနက်ခင်းသတင်း
၇း၄၀	၄။	သံသာချိုအေးမင်္ဂလာတေး
၇း၅၀	၅။	ယဉ်ကျေးလိမ္မာ (၃၈)ဖြာမင်္ဂလာ
၈း၀၅	၆။	အတီးပြိုင်ပွဲ
၈း၁၅	၇။	ဆက်သွယ်ဆင့်ပွား ကျွန်းတောတံတား
၈း၂၀	၈။	အဆိုပြိုင်ပွဲ
၈း၃၀	၉။	International News.
၈း၄၅	၁၀။	Say it in English.
၉း၀၀	၁၁။	အစီအစဉ်ပြီး၏။

နေ့လယ်ပိုင်း

၁၁း၀၀	၁။	စစ်သည်တေး
၁၁း၁၀	၂။	တေးဂီတအစီအစဉ်
၁၁း၂၅	၃။	တစ်ပတ်အတွင်း နိုင်ငံတကာသတင်းစဉ်
၁၁း၃၅	၄။	Yan Can Cook.
၁၁း၅၀	၅။	**မြန်မာရုပ်ရှင် "ချစ်သူငယ်ချင်း" (ကျော်ဟိန်း၊ ခင်သီတာထွန်း၊ နွဲ့နွဲ့မူ) (ဒါရိုက်တာ-ကိုငြိမ်းငြိမ်း)**
၁း၄၅	၆။	တေးဂီတအစီအစဉ်
၂း၀၀	၇။	အတီးပြိုင်ပွဲ
၂း၁၀	၈။	လဂွမ်းပြင်ရေလှောင်တမံ
၂း၂၀	၉။	**"ပြေးပြေးလွှားလွှား သွားသွားလာလာ" (မောင်မောင်မြင့်၊ မောင်မောင်မျိုးသန့်၊ မအေးမြင့်၊ စိန်ဂွက်ထော်) (ဒါရိုက်တာ-မောင်မောင်မြင့်)**
၂း၃၀	၁၀။	အကပြိုင်ပွဲ
၂း၄၅	၁၁။	International News.
၃း၀၀	၁၂။	အစီအစဉ်ပြီး၏။

ညပိုင်း

၄း၀၀	၁။	စစ်ချီတေး၊ စစ်သည်တေး
၄း၁၅	၂။	မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
၄း၃၀	၃။	English For Everyday Use.
၄း၄၅	၄။	**အဝေးသင်တက္ကသိုလ်ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ -ပထမနှစ် (ရူပဗေဒအထူးပြု) (ရူပဗေဒ)**
၅း၀၀	၅။	ပြည်ထောင်စုတိုင်းရင်းသားရိုးရာတေးသံသာ
၅း၁၅	၆။	သီးနှံစိုက်ပျိုးအထွက်တိုး (ပိုးသတ်ဆေးများကို အကျိုးရှိရှိထိရောက်အောင်သုံးစွဲနည်း)
၅း၂၅	၇။	ဆိုကြမယ်၊ ပျော်ကြမယ်
၆း၀၀	၈။	ညနေခင်းသတင်း
၆း၃၀	၉။	မိုးလေဝသအခြေအနေ
၆း၃၅	၁၀။	သီရိဂေဟာ
၇း၀၅	၁၁။	**နိုင်ငံခြားဇာတ်လမ်းတွဲ "ကြယ်ကြွေရင်ခုန်သံ" (အပိုင်း-၁၂)**
၈း၀၀	၁၂။	ပြည်တွင်းသတင်း
	၁၃။	နိုင်ငံတကာသတင်းများ
	၁၄။	မိုးလေဝသအခြေအနေ
	၁၅။	**နိုင်ငံခြားဇာတ်လမ်းတွဲ "လှပသောနေ့ရက်များ" (အပိုင်း-၁၆)**
	၁၆။	နောက်တစ်နေ့အစီအစဉ်
	၁၇။	အစီအစဉ်ပြီး၏။

မြန်မာနိုင်ငံ၌ စစ်စခန်းများအခြေစိုက်ချထားနိုင်ရေးအတွက် ကိုယ်ပိုင်ရုပ်သေးအစိုးရထားရှိရန် ကြိုးပမ်းအားထုတ်နေသော အမေရိကန်နှင့် အမေရိကန်အလိုကျ ကြိုးဆွဲရာလိုက်ကနေသော အမျိုးသားသစ္စာဖောက်များအကြောင်း

၁၉၄၈ ခုနှစ် ဗြိတိသျှနယ်ချဲ့လက်အောက်မှ လွတ်လပ်ရေးရပြီးချိန်မှစ၍ မြန်မာနိုင်ငံအစိုးရ အဆက်ဆက်သည် နိုင်ငံ၏ နိုင်ငံခြားရေးဝါဒကို ကြားနေရေး၊ ဘက်မလိုက်ရေးနှင့် လွတ်လပ်၍ တက်ကြွသော မူဝါဒများချမှတ်ကာ တစိုက်မတ်မတ် ကျင့်သုံးခဲ့ပါသည်။ ကိုလိုနီနယ်ချဲ့တို့ကို တွန်းလှန်ပြီး လွတ်လပ်ရေးရယူခဲ့ကြသော အာရှ၊ အာဖရိကနှင့် လက်တင်အမေရိကမှ နိုင်ငံ ၁၀၀ကျော်ပါဝင်သည့် ဘက်မလိုက်လှုပ်ရှားမှု အဖွဲ့ကြီးတွင်လည်း ရှေ့တန်းမှ ပါဝင်ဆောင်ရွက်ခဲ့ပါသည်။ ငြိမ်းချမ်းစွာ အတူတကွယှဉ်တွဲနေထိုင်ရေး မူကြီး(၅)ချက်ကို ချမှတ်ခဲ့သည့် ဘန်ဒေါင်းညီလာခံကြီးကို ဦးစီးကျင်းပခဲ့သောနိုင်ငံ(၅)နိုင်ငံတွင်လည်း မြန်မာနိုင်ငံ ပါဝင်ခဲ့ပါသည်။

အမေရိကန်အစိုးရအဆက်ဆက်ကမူ ကြားနေရေး၊ ဘက်မလိုက်ရေးမူဝါဒများ ချမှတ်ကျင့်သုံးမှုကိုမကြိုက်ပါ။ လွတ်လပ်ပြီးစ ဖွံ့ဖြိုးအောင် အားထုတ်ကြိုးပမ်းနေသော နိုင်ငံငယ်များကို ၎င်းတို့ထားရာနေ၊ စေရာသွားနိုင်ငံများ၊ ဩဇာခံအခြွေအရံနိုင်ငံများအဖြစ်သာ အလိုက်အထိုက်နေသွားရန် လိုလားပါသည်။ အမေရိကန်သမ္မတအိုက်ဆင်ဟောင်ဝါလက်ထက် နိုင်ငံခြားရေးဝန်ကြီးလုပ်ခဲ့သူ ဂျွန်ဖော်စတာဒါးလက်စ်က ကြားနေရေးဝါဒ၊ဘက်မလိုက်ရေးဝါဒ လက်ခံကျင့်သုံးကြသော နိုင်ငံများကို အချောင်သမားများနှင့်တူသည်ဟူ၍ပင် ခပ်ကြမ်းကြမ်း၊ ခပ်ရမ်းရမ်း ရှုတ်ချဆန့်ကျင် ပြောဆိုခဲ့ပါသည်။ ယင်းပြောကြားချက်ကို ဘက်မလိုက်နိုင်ငံများက ပြင်းပြင်းထန်ထန်၊ ကျယ်ကျယ်လောင်လောင် တုံ့ပြန်ဆန့်ကျင်မှုပြုခဲ့ကြပါသည်။

၁၉၈၈ ခုနှစ် စက်တင်ဘာလ ၁၈ ရက်နေ့၌ တပ်မတော်သည် ကစဉ့်ကလျား ဖြစ်နေသော၊ မင်းမဲ့စရိုက်များလွှမ်းမိုးနေသော၊ ဥပဒေမဲ့ဖြစ်နေသော တိုင်းပြည်၏ အခြေအနေအရပ်ရပ်ကြောင့် နိုင်ငံတော်တာဝန်ကို ရယူခဲ့ပြီးနောက် လွတ်လပ်၍ တက်ကြွပြီး ဘက်မလိုက်သော နိုင်ငံခြားရေးမူဝါဒကို ကျင့်သုံးမည်ဟူ၍ ကြေညာခဲ့ပါသည်။ ယင်းသို့ကြေညာချက်ကို အမေရိကန်အစိုးရက မနှစ်သက်ပါ။ ဤကြေညာချက်ကို ထုတ်ပြန်သော တပ်မတော်အစိုးရကိုလည်း မကြိုက်ပါ။ ရန်သူလို သဘောထားကာ ဆက်ဆံလာပါသည်။ **အမေရိကန်အစိုးရလိုလားသော၊ ၎င်း၏လက်ဝေခံဖြစ်သော အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်(NLD)ပါတီကိုမူတပ်မတော်အစိုးရကိုအတိုက်အခံလုပ်သည့် ပါတီအဖြစ်သို့ တွန်းပို့၍ ထိပ်တိုက်ရင်ဆိုင်စေခဲ့ ပါသည်။ နည်းလမ်းမျိုးစုံဖြင့် အကူအညီများပေးခဲ့ပါသည်။ တပ်မတော်အစိုးရကို ရန်သူအဖြစ် ထားရှိတိုက်ခိုက်စေခဲ့ပါသည်။**

ထို့ကြောင့်လည်း ဒေါ်စုကြည်နှင့် NLD ပါတီက တပ်မတော်အစိုးရ လုပ်ဆောင်သမျှကို အကောင်းတစ်ခုမျှမပြောခဲ့ပါ။ မည်သည့်ခေတ်နှင့်မျှမတူသော မျက်မှောက်ခေတ် ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ ဖော်ဆောင်ပေးနေမှုကို မျက်ကွယ်ပြု၍ အမေရိကန်အစိုးရအကြိုက်လိုက်၍သာ အပြစ်ပြော၊ မကောင်းပြော၍ ပျက်စီးမှုနှင့် အခက်အခဲမျိုးစုံ ဖြစ်အောင်သာ လုပ်ခဲ့ပါသည်။ တပ်မတော်ကို ဖက်ဆစ်စစ်တပ်ဟူ၍ပင် လွန်လွန်ကြူးကြူး ပြောကြားလာပါသည်။ နှစ်စဉ်ကျင်းပနေသော တပ်မတော်နေ့သည် ဖက်ဆစ်ဂျပန်များကို တပ်မတော်က ပြည်သူ့အားကိုရယူပြီး တော်လှန်တိုက်ခိုက်သောနေ့ အထိမ်းအမှတ်ဖြစ်သည်ကို မေ့နေသလား မပြောတတ်ပါ။

တိုင်းသူပြည်သားများကို ဒုက္ခပင်လယ်ဝေစေခဲ့သည့် ပြည်တွင်းသောင်းကျန်းမှုကြီးကိုလည်း တပ်မတော်ကပင် အသက် သွေးချွေးများစွာ စွန့်လွှတ်ပေးအပ်၍ တိုက်ခိုက်ချေမှုန်းခဲ့ရပါသည်။ အမေရိကန်အစိုးရက လက်နက်၊ငွေကြေး၊သယ်ယူပို့ဆောင်ရေး၊ နည်းပညာစသည့် အကူအညီများ ပေးထားသော တရုတ်ဖြူကူမင်တန်တပ်များ ရှမ်းပြည်နယ်နှင့် ကရင်ပြည်နယ်အတွင်း ကျူးကျော်ဝင်ရောက်လာမှုကိုလည်း တပ်မတော်ကပင် နိုင်ငံနှင့်လူမျိုးအတွက် အသက်များစွာ ပေးလှူ၍ စစ်ဆင်ရေးကြီးများ ဆင်နွှဲတိုက်ထုတ်ခဲ့ရပါသည်။ နဂါးနိုင်စစ်ဆင်ရေးအတွင်း အမေရိကန်သုံးဦးကိုပင် အသေရရှိခဲ့ပါသည်။

၁၉၈၈ အရေးအခင်းကာလနှင့် နောက်ပိုင်းကာလများတွင်လည်း အဖျက်လုပ်ငန်းများကို ကမ်းကုန်အောင်လုပ်ခဲ့သူ ပြည်တွင်းပြည်ပအဖျက်သမားများ၏အန္တရာယ်မှ ပြည်သူတို့၏ အသက်အိုးအိမ်စည်းစိမ်များကို တပ်မတော်ကပင် အကာအကွယ်ပေးခဲ့ရပါသည်။ **တိုင်းကျိုးပြည်ပြုလုပ်ငန်းများကို သူမတူအောင် ကြိုးပမ်းဆောင်ရွက်နေသော တပ်မတော်နှင့် တပ်မတော်အစိုးရအပေါ် မဟာမိတ်လိုသဘောမထားဘဲ ရန်သူလိုသဘောထား လုပ်ဆောင်ရပ်တည်နေသော ပုဂ္ဂိုလ်များနှင့် NLD ပါတီအပေါ် တပ်မတော်အစိုးရက မည်သို့သဘောထားရပါမည်နည်း။**

တပ်မတော်အစိုးရ တာဝန်ယူချိန်မှစပြီး ရပ်ရွာအေးချမ်းသာယာရေး၊ တရားဥပဒေစိုးမိုးရေး၊ လမ်းပန်းဆက်သွယ်မှု လုံခြုံချောမွေ့စေရေးစသော လက်ငင်းလုပ်ငန်းစဉ်များ ချမှတ်ဆောင်ရွက်ခဲ့ပါသည်။ အရေးအကြီးဆုံး အမျိုးသားရေးမူဝါဒအဖြစ် ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသား စည်းလုံးညီညွတ်မှုမပြိုကွဲရေးနှင့် အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး လုပ်ငန်းတာဝန်ကြီး (၃)ရပ်ကို ချမှတ်ဖော်ဆောင်ခဲ့ပါသည်။ ဆက်လက်ဖော်ဆောင်ပေးလျက်ရှိပါသည်။

မှတ်မိပါသေးသည်။ NLD ခေါင်းဆောင် ဒေါ်စုကြည်နှင့်ဦးတင်ဦးတို့သည် အမေရိကန်အစိုးရအကြိုက် အာဏာဖီဆန်ရေး၊ ထိပ်တိုက်ရင်ဆိုင်ရေး၊ တပ်မတော်ဖြိုခွဲရေး၊ ဆူပူအုံကြွမှုများ ဖြစ်ပွားရေးကို အကြီးအကျယ် ပြောဆိုလှုံ့ဆော်လုပ်ကိုင်လာပါသည်။ ရပ်ရွာအေးချမ်းသာယာမှု မရှိအောင်၊ တရားဥပဒေစိုးမိုးမှုမရှိအောင်၊ လမ်းပန်းဆက်သွယ်မှု လုံခြုံချောမွေ့ခြင်းမရှိအောင်၊ ဆန့်ကျင်လှုပ်ရှားမှုများဖြစ်ပေါ်အောင် ဖန်တီးတိုက်ခိုက်လာခြင်းဖြစ်ပါသည်။ ၁၉၈၉ခုနှစ်(၄၂)နှစ်မြောက် အာဇာနည်နေ့တွင် အုံကြွသွေးချောင်းစီးမှုကြီးဖြစ်ပွားအောင်ဖန်တီး၍ အာဏာကို ဖြတ်လမ်းကရယူရန် ကြိုးစားခဲ့ပါသည်။ တာဝန်သိသော ပြည်သူအချို့၏ ကူညီပံ့ပိုးမှုကြောင့် ဗကပ(ယူဂျီ)ခေါင်းဆောင်သက်ခိုင်(ဗကပဗိုလ်ကျော်ဇော၏သမက်)နှင့် အပေါင်းပါ ၂၀၀ခန့်ကို ၁၁–၇–၁၉၈၉ရက်နေ့မှစ၍သက်ဆိုင်ရာက ထိန်းသိမ်းအရေးယူလိုက်နိုင်မှုကြောင့် ဗကပတို့အခေါ် ဒုတိယတော်လှန်ရေးနေ့အဖြစ် သတ်မှတ်ထားသည့် ၁၉၈၉ခုနှစ် ဇူလိုင်လ ၁၉ရက် (၄၂) နှစ်မြောက် အာဇာနည်နေ့တွင် သွေးချောင်းစီးမှုကြီးနှင့် ရင်ဆိုင်ရမည့်အဖြစ်မှ ပွတ်ကာသီကာ လွတ်မြောက်ခဲ့ရပါသည်။(ဗကပနှင့်ဒေါ်စုကြည်တို့ အချိတ်အဆက်ရှိရှိလုပ်သည်၊ မလုပ်သည်ကိုတော့ ၎င်းတို့သာ အသိဆုံးဖြစ်ပါသည်။) တပ်မတော်အစိုးရသည် မလွှဲမရှောင်သာတော့ဘဲ ၁၉၈၉ ခုနှစ် ဇူလိုင်လ ၂၀ရက်နေ့ နံနက်မှစ၍ ဒေါ်စုကြည်နှင့် ဦးတင်ဦးတို့အား နိုင်ငံတော်အား နှောင့်ယှက်ဖျက်ဆီးလိုသူများ၏ ဘေးအန္တရာယ်မှ ကာကွယ်စောင့်ရှောက်သည့်ဥပဒေအရ နေအိမ်မှာတားဆီးကန့်သတ်

သုတေသီမြသန်းထွန်း

လိုက်ပါသည်။ (အမေရိကန်အစိုးရအနေဖြင့် ရုပ်သေးအစိုးရပေါ်ပေါက်ရန် လက်လှမ်းဝေးသွားသဖြင့် မျောက်မီးခဲကိုင်မိသလို မနေနိုင်မထိုင်နိုင်ဖြစ်သွားပါသည်။)

တပ်မတော်အစိုးရသည် ဒို့တာဝန်အရေးသုံးပါးကို မိမိ၏အသက်ကဲ့သို့ သဘောထားလုပ်ကိုင်မှု၊ တိုင်းပြုပြည်ပြု ဘက်စုံဖွံ့ဖြိုးရေးလုပ်ငန်းများကို တစ်ပြည်လုံး နေရာအားလုံးတွင် အကောင်အထည်ဖော်မှုနှင့် စေတနာမှန်ကန်မှု စသည်တို့ကြောင့် တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့ ၁၇ ဖွဲ့နှင့် အခြားအဖွဲ့ငယ်များသည် ဥပဒေဘောင်အတွင်းဝင်ရောက်ပြီး ငြိမ်းချမ်းရေး တည်ဆောက်ခဲ့ကြပါသည်။ နိုင်ငံတော်အစိုးရနှင့်ပူးပေါင်း၍ မိမိဒေသဖွံ့ဖြိုးရေးကို အားသွန်ခွန်စိုက် ဆောင်ရွက်လျက်ရှိပါသည်။ တိုးတက်ပြောင်းလဲ ဖြစ်ထွန်းမှုများမှာလည်း အံ့မခန်းရှိလှပါသည်။ တပ်မတော်အစိုးရကလည်း လိုအပ်သည်များကို ပံ့ပိုးကူညီလျက်ရှိပါသည်။ တိုင်းရင်းသားစည်းလုံးညီညွတ်မှု(အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး)ကို ဆောင်ရွက်နေခြင်းလည်းဖြစ်ပါသည်။ ၎င်း၏အကျိုးဆက်ရလဒ်တစ်ခုအဖြစ် နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေးအတွက် အမျိုးသားညီလာခံကြီးကို ၁၉၉၃ခုနှစ် ဇန်နဝါရီလ ၉ ရက်နေ့တွင် စတင်ကျင်းပနိုင်ခဲ့ပါသည်။

၁၉၉၃ ခုနှစ် စက်တင်ဘာလ ၁၆ရက်နေ့တွင်ကျင်းပပြုလုပ်သည့် အမျိုးသားညီလာခံစုံညီအစည်းအဝေးက နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲရာတွင် ပါဝင်ရမည့် အခြေခံမူ(၁၀၄)ချက်ချမှတ်ခဲ့ပါသည်။ ၎င်းမူများအနက် နိုင်ငံခြားရေးနှင့် စပ်လျဉ်းသည့် အခြေခံမူများမှာ အောက်ပါအတိုင်းဖြစ်ကြောင်း တွေ့ရပါသည်–

- **နိုင်ငံတော်သည် လွတ်လပ်၍ တက်ကြွပြီးဘက်မလိုက်သော နိုင်ငံခြားရေးဝါဒကို ကျင့်သုံးသည်။ ကမ္ဘာ့ငြိမ်းချမ်းရေးနှင့် နိုင်ငံအချင်းချင်း မိတ်ဝတ်မပျက် ပေါင်းဖက်ဆက်ဆံရေးကို ရှေးရှုသည်။ နိုင်ငံအချင်းချင်းငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်ရေးမူများကို စောင့်ထိန်းသည်။**
- **နိုင်ငံတော်သည် မည်သည့်နိုင်ငံကိုမှ စတင်ကျူးကျော်တိုက်ခိုက်ခြင်းမပြု။**

အမေရိကန်အစိုးရလိုလားသော၊ ၎င်း၏လက်ဝေခံဖြစ်သော အမျိုးသား ဒီမိုကရေစီအဖွဲ့ချုပ်(NLD) ပါတီကိုမူ တပ်မတော်အစိုးရကို အတိုက်အခံလုပ်သည့် ပါတီအဖြစ်သို့ တွန်းပို့၍ ထိပ်တိုက်ရင်ဆိုင်စေခဲ့ ပါသည်။ နည်းလမ်းမျိုးစုံဖြင့် အကူအညီများပေးခဲ့ပါသည်။ တပ်မတော်အစိုးရကို ရန်သူအဖြစ် ထားရှိတိုက်ခိုက်စေခဲ့ပါသည်။

ထို့ကြောင့်လည်း ဒေါ်စုကြည်နှင့် NLD ပါတီက တပ်မတော်အစိုးရ လုပ်ဆောင်သမျှကို အကောင်းတစ်ခုမျှမပြောခဲ့ပါ။ မည်သည့်ခေတ်နှင့်မျှမတူသော မျက်မှောက်ခေတ် ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ ဖော်ဆောင်ပေးနေမှုကို မျက်ကွယ်ပြု၍ အမေရိကန်အစိုးရ အကြိုက်လိုက်၍သာ အပြစ်ပြော၊ မကောင်းပြော၍ ပျက်စီးမှုနှင့် အခက်အခဲမျိုးစုံ ဖြစ်အောင်သာ လုပ်ခဲ့ပါသည်။ တပ်မတော်ကို ဖက်ဆစ်စစ်တပ်ဟူ၍ပင် လွန်လွန်ကြူးကြူး ပြောကြားလာပါသည်။ နှစ်စဉ်ကျင်းပနေသော တပ်မတော်နေ့သည် ဖက်ဆစ်ဂျပန်များကို တပ်မတော်က ပြည်သူ့အားကိုရယူပြီး တော်လှန်တိုက်ခိုက်သောနေ့ အထိမ်းအမှတ် ဖြစ်သည်ကို မေ့နေသလား မပြောတတ်ပါ။

- နိုင်ငံတော်အတွင်း မည်သည့်နိ
ခွင့်မပြု။

**အမေရိကန်အစိုးရသည် ဘက်မလိုက
မကြိုက်ပါ။ ငြိမ်းချမ်းစွာအတူယှဉ်တွဲနေထိုင
အစဉ်တစိုက် ဆန့်ကျင်ခဲ့ပါသည်။ အမေ
စိုးမိုးမှုဖြင့် စစ်ရေးအင်ပါယာ ထူထောင်နေ
မလိုသလို နိုင်ငံရေး၊စီးပွားရေး၊ စစ်ရေး
တင်းတင်းပင် ကုလသမဂ္ဂကို ဘေးချိ
တိုက်ခိုက်မှုများ ပြုလုပ်နေပါသည်။**

နိုင်ငံတော်အတွင်း မည်သည့်နိုင်ငံ
မပြုဟူသည့် အခြေခံမူချမှတ်ထားခြင်းကြေ
များချထားလိုသော အမေရိကန်အစိုးရအ
ပါသည်။

သာဓကများစွာရှိပါသည်။ စစ်အေးတ
သည် တရုတ်ပြည်အပါအဝင် ဆိုရှယ်လ
ကမ္ဘာအနှံ့ နိုင်ငံအများအပြားတွင် စစ်စခန်း
၁၉၉၁ခုနှစ် ဆိုဗီယက်ယူနီယံပြိုကွဲပြီးနော
သွားသော်လည်း အမေရိကန် စစ်စခန်း
အပြင် ပို၍ပင် များပြားလာပါသည်။ တစ်
(၇၂၅)ခုကျော်အထိ ရှိလာပါသည်။ ဆက်
သည်။ ယခင်ဆိုရှယ်လစ်နိုင်ငံအချို့၌ပင
ရောက်ရှိတပ်ချလာပါသည်။ ရုရှားနိုင်င
(အမေရိကန်)တို့က မိတ္တူနိုင်ငံများဟု ပုတ်
ကို ဝိုင်းပတ်ထိန်းချုပ်ထားရန်အတွက် ဖ
သော်လည်း အမေရိကန်သည် တရုတ်နိုင်ငံ
အင်အားကြီးမားလာမှုအပေါ် စိုးရိမ်သော

**တရုတ်ပြည်ကို ဝိုင်းပတ်ရာတွင် ဟာ
တရုတ်ပြည်အနောက်တောင်ဒေသ၌
မြန်မာနိုင်ငံတွင် အမေရိကန်က ၎င်းတို့၏
ထားရှိချင်နေပါသည်။ မြန်မာနိုင်ငံ၌ ဤ
အစိုးရ၊ တစ်နည်းအားဖြင့် ရုပ်သေးအစိုးရ
ပါသည်။**

ဤသို့ဖြစ်အောင် လုပ်ဆောင်ခဲ့သ
ရှိပါသည်။ မှတ်မိပါသေးသည်။ ရှမ်းပြ
ရှမ်းစော်ဘွားများအာဏာစွန့်လွှတ်ရပြီးေ
ပယောဂဖြင့် ရှမ်းသောင်းကျန်းသူများ ပေါ
ဖြည်း ရှမ်းသောင်းကျန်းသူအဖွဲ့များ များ
တိုးပွားလာပါသည်။ ရှမ်းစော်ဘွားအချိ
ခေါင်းဆောင်များသည် အမေရိကန်ဦးဆော
(SEATO)စစ်စာချုပ်အဖွဲ့နှင့် ဆက်သွ
အထားများ တွေ့လာရပါသည်။ ဤ
၁၉၆၂ ခုနှစ် နှစ်ဦးပိုင်း၌ ရှမ်းစော်ဘွားများ
ပြောင်ပြောင်တင်းတင်းပင် တင်ပြလာပ
လက်မခံလျှင် ပြည်ထောင်စုမှ ရှမ်းပြည်
လွတ်လပ်သော ရှမ်းနိုင်ငံထူထောင်ကာ
ဝင်ရန်ပင် ပြင်ဆင်ထားမှုများ ရှိလာပါ

ဤသို့ ဖြစ်လာခဲ့လျှင် ရှမ်းပြည်နယ်
ပေါ်ပေါက်လာမည်ဖြစ်ပါသည်။ အခြေအ
မဖြစ်မီ တပ်မတော်က ကာကွယ်ထိန်းသိမ
ကြီး ပြိုကွဲမည့်အန္တရာယ်မှ ကာကွယ်လိုက်
မကာကွယ်လိုက်နိုင်ပါက မြန်မာနိုင်ငံသည်
အစိတ်စိတ်အမြွှာမြွှာ ပြိုကွဲသွားမည်ဖြစ်
စော်ဘွားများနှင့် အမေရိကန်နယ်ချဲ့တို့သည
ကြည့်သော ရပ်တည်ချက်တွင် တူညီကြ
ငတေမာလျှင်ပြီးရောဟူသော ကြောက်စရာ
ဖြစ်ပါသည်။

နောက်ထပ်သာဓကတစ်ခု ရှိပါသေး
Tai Army (MTA) ခေါင်းဆောင် ဦးခွန်
ငြိမ်းချမ်းရေး မလဲမီကာလက ဖြစ်ပါသည
ဦးခွန်ဆာအား ၎င်းတို့နိုင်ငံ၌ ပြဋ္ဌာန်းထ
ဆေးဝါး ချိုးဖောက်မှုဥပဒေဖြင့် နှစ်ကြ
ဦးခွန်ဆာအား ဖမ်းဆီးရန် ၁၉၈၉ခုနှစ်နှ
များထုတ်ပြန်ခဲ့ပါသည်။ ဦးခွန်ဆာကို ဖမ်း
ဆုကြေးငွေအမေရိကန်ဒေါ်လာနှစ်သန်းပေး

ဤသို့ဖြစ်ပါလျက် ၁၉၉၄ခုနှစ်
အမေရိကန်သမ္မတ ဂျင်မီကာတာ၏ မူးယ
ဖြစ်သူ Mr. Petar Bourne သည် MT
ရှိသည့် ဦးခွန်ဆာထံသို့ လာရောက်ကာ
နေထိုင်သွားခဲ့ပါသည်။ ယင်းသို့ နေထို
အမှုကိစ္စများမှ လွတ်ကင်းစေရန်ဟူ၍

– နိုင်ငံတော်အတွင်း မည်သည့်နိုင်ငံခြားတပ်ဖွဲ့ကိုမျှ တပ်ချ ခွင့်မပြု။

အမေရိကန်အစိုးရသည် ဘက်မလိုက်သော နိုင်ငံခြားရေးဝါဒကို မကြိုက်ပါ။ ငြိမ်းချမ်းစွာအတူယှဉ်တွဲနေထိုင်ရေးမူကိုလည်း လက်မခံပါ။ အစဉ်တစိုက် ဆန့်ကျင်ခဲ့ပါသည်။ အမေရိကန်အစိုးရသည် ဗိုလ်ကျ စိုးမိုးမှုဖြင့် စစ်ရေးအင်ပါယာ ထူထောင်နေပါသည်။ မလိုသည့်နိုင်ငံကို မလိုသလို နိုင်ငံရေး၊စီးပွားရေး၊ စစ်ရေး နည်းမျိုးစုံဖြင့် ပြောင်ပြောင် တင်းတင်းပင် ကုလသမဂ္ဂကို ဘေးချိတ်ပြီး ဝင်ရောက်ကျူးကျော် တိုက်ခိုက်မှုများ ပြုလုပ်နေပါသည်။

နိုင်ငံတော်အတွင်း မည်သည့်နိုင်ငံခြားတပ်ဖွဲ့ကိုမျှ တပ်ချခွင့် မပြုဟူသည့် အခြေခံမူချမှတ်ထားခြင်းကြောင့် မြန်မာနိုင်ငံ၌ တပ်စခန်း များချထားလိုသော အမေရိကန်အစိုးရအဖို့ ဆွေ့ဆွေ့ခုန်စရာ ဖြစ်ခဲ့ ပါသည်။

သာဓကများစွာရှိပါသည်။ စစ်အေးတိုက်ပွဲကာလတွင် အမေရိကန် သည် တရုတ်ပြည်အပါအဝင် ဆိုရှယ်လစ်နိုင်ငံများကို ဝိုင်းပတ်၍ ကမ္ဘာအနှံ့ နိုင်ငံအများအပြားတွင် စစ်စခန်းများ တည်ဆောက်ခဲ့ပါသည်။ ၁၉၉၁ခုနှစ် ဆိုဗီယက်ယူနီယံပြိုကွဲပြီးနောက် စစ်အေးတိုက်ပွဲပြီးဆုံး သွားသော်လည်း အမေရိကန် စစ်စခန်းများမှာ လျော့၍မသွားသည့် အပြင် ပို၍ပင် များပြားလာပါသည်။ တစ်ကမ္ဘာလုံးတွင် စစ်စခန်းပေါင်း (၇၂၅)ခုကျော်အထိ ရှိလာပါသည်။ ဆက်လက်၍လည်း တိုးပွားနေပါ သည်။ ယခင်ဆိုရှယ်လစ်နိုင်ငံအချို့၌ပင် အမေရိကန်စစ်စခန်းများ ရောက်ရှိတပ်ချလာပါသည်။ ရုရှားနိုင်ငံ၊ တရုတ်နိုင်ငံနှင့် ၎င်း (အမေရိကန်)တို့က မိတ္တာနိုင်ငံများဟု ပုတ်ခတ်စွပ်စွဲထားသော နိုင်ငံများ ကို ဝိုင်းပတ်ထိန်းချုပ်ထားရန်အတွက် ဖြစ်ပါသည်။ ထုတ်၍ မပြော သော်လည်း အမေရိကန်သည် တရုတ်နိုင်ငံ၏ ကာကွယ်ရေး၊ စီးပွားရေး အင်အားကြီးမားလာမှုအပေါ် စိုးရိမ်သော သဘောထားရှိနေပါသည်။

တရုတ်ပြည်ကို ဝိုင်းပတ်ရာတွင် ဟာကွက်တစ်ခုလိုဖြစ်နေသော တရုတ်ပြည်အနောက်တောင်ဒေသ၌ မြန်မာနိုင်ငံတည်ရှိနေရာ မြန်မာနိုင်ငံတွင် အမေရိကန်က ၎င်းတို့၏စစ်စခန်းများ၊ ဒုံးပျံစခန်းများ ထားရှိချင်နေပါသည်။ မြန်မာနိုင်ငံ၌ ဤစစ်စခန်းများကို လက်ခံမည့် အစိုးရ၊ တစ်နည်းအားဖြင့် ရုပ်သေးအစိုးရကို အမေရိကန်က လိုအပ်နေ ပါသည်။

ဤသို့ဖြစ်အောင် လုပ်ဆောင်ခဲ့သည့်လုပ်ရပ် သာဓကများ ရှိပါသည်။ မှတ်မိပါသေးသည်။ ရှမ်းပြည်နယ်တွင် ၁၉၅၉ခုနှစ်က ရှမ်းစော်ဘွားများအာဏာစွန့်လွှတ်ရပြီးနောက် အမေရိကန် CIA ၏ ပယောဂဖြင့် ရှမ်းသောင်းကျန်းသူများ ပေါ်ပေါက်လာပါသည်။ တဖြည်း ဖြည်း ရှမ်းသောင်းကျန်းသူအဖွဲ့များ များပြားလာပြီး အင်အားလည်း တိုးပွားလာပါသည်။ ရှမ်းစော်ဘွားအချို့နှင့် ရှမ်းသောင်းကျန်းသူ ခေါင်းဆောင်များသည် အမေရိကန်ဦးဆောင်ဖွဲ့စည်းထားသော ဆီးတိုး (SEATO)စစ်စာချုပ်အဖွဲ့နှင့် ဆက်သွယ်မှုပြုလုပ်သည့် အထောက် အထားများ တွေ့လာရပါသည်။ ဤသို့သော အခြေအနေတွင် ၁၉၆၂ ခုနှစ် နှစ်ဦးပိုင်း၌ ရှမ်းစော်ဘွားများဦးဆောင်၍ ဖက်ဒရယ်မူကို ပြောင်ပြောင်တင်းတင်းပင် တင်ပြလာပါသည်။ အစိုးရက ဤမူကို လက်မခံလျှင် ပြည်ထောင်စုမှ ရှမ်းပြည်နယ်ကို ခွဲထွက်ပြီး သီးခြား လွတ်လပ်သော ရှမ်းနိုင်ငံထူထောင်ကာ ဆီးတိုးစစ်စာချုပ်အဖွဲ့ထဲ ဝင်ရန်ပင် ပြင်ဆင်ထားမှုများ ရှိလာပါသည်။

ဤသို့ ဖြစ်လာခဲ့လျှင် ရှမ်းပြည်နယ်၌ အမေရိကန်စစ်စခန်းများ ပေါ်ပေါက်လာမည်ဖြစ်ပါသည်။ အခြေအနေများ ခြေလွန်လက်လွန် မဖြစ်မီ တပ်မတော်က ကာကွယ်ထိန်းသိမ်းခဲ့ရပါသည်။ ပြည်ထောင်စု ကြီး ပြိုကွဲမည့်အန္တရာယ်မှ ကာကွယ်လိုက်ရခြင်းဖြစ်ပါသည်။ ယင်းသို့ မကာကွယ်လိုက်နိုင်ပါက မြန်မာနိုင်ငံသည် ယနေ့ယူဂိုဆလပ်နိုင်ငံကဲ့သို့ အစိတ်စိတ်အမြွှာမြွှာ ပြိုကွဲသွားမည်ဖြစ်ပါသည်။ ပဒေသရာဇ် ရှမ်း စော်ဘွားများနှင့် အမေရိကန်နယ်ချဲ့တို့သည် ကိုယ်ကျိုးသက်သက်ကိုသာ ကြည့်သော ရပ်တည်ချက်တွင် တူညီကြပါသည်။ ဘယ်သူသေသေ ငတေမာလျှင်ပြီးရောဟူသော ကြောက်စရာကောင်းသည့် ရပ်တည်ချက် ဖြစ်ပါသည်။

နောက်ထပ်သာဓကတစ်ခု ရှိပါသေးသည်။ MTA ခေါ် Mong Tai Army (MTA) ခေါင်းဆောင် ဦးခွန်ဆာနှင့်အဖွဲ့ လက်နက်နှင့် ငြိမ်းချမ်းရေး မလဲမီကာလက ဖြစ်ပါသည်။ အမေရိကန်အစိုးရသည် ဦးခွန်ဆာအား ၎င်းတို့နိုင်ငံ၌ ပြဋ္ဌာန်းထားသော ဖက်ဒရယ်မူးယစ် ဆေးဝါး ချိုးဖောက်မှုဥပဒေဖြင့် နှစ်ကြိမ်တိုင်တိုင် စွဲချက်တင်ကာ ဦးခွန်ဆာအား ဖမ်းဆီးရန် ၁၉၈၉ခုနှစ်နှင့် ၁၉၉၅ခုနှစ်တို့တွင် ဝရမ်း များထုတ်ပြန်ခဲ့ပါသည်။ ဦးခွန်ဆာကို ဖမ်းဆီးရန် သတင်းပေးနိုင်လျှင် ဆုကြေးငွေအမေရိကန်ဒေါ်လာနှစ်သန်းပေးမည်ဟုပင် ကြေညာခဲ့ပါသည်။

ဤသို့ဖြစ်ပါလျက် ၁၉၉၄ခုနှစ် ဧပြီလ ၂၃ရက်နေ့၌ ယခင် အမေရိကန်သမ္မတ ဂျင်မီကာတာ၏ မူးယစ်ဆေးဝါးအကြံပေးအရာရှိ ဖြစ်သူ Mr. Petar Bourne သည် MTA ဌာနချုပ် (ဟိုမိန်း)တွင် ရှိသည့် ဦးခွန်ဆာထံသို့ လာရောက်ကာ ရက်သတ္တတစ်ပတ်ကျော်မျှ နေထိုင်သွားခဲ့ပါသည်။ ယင်းသို့ နေထိုင်စဉ်အတွင်း ဦးခွန်ဆာ၏ အမှုကိစ္စများမှ လွတ်ကင်းစေရန်ဟူ၍ အကြောင်းပြကာ နိုင်ငံရေး လှည့်ကွက်များ ကျင့်သုံးရန် ဦးခွန်ဆာကို Mr. Petar Bourne က အကြံပေးခဲ့ပါသည်။ ထို့အပြင် နိုင်ငံတကာအသိုင်းအဝိုင်းက MTA ခေါင်းဆောင် ဦးခွန်ဆာအပေါ် မူးယစ်ဆေးဝါးတပ်ဖွဲ့ခေါင်းဆောင် အဖြစ် မရှုမြင်ဘဲ ရှမ်းပြည်လွတ်မြောက်ရေးနှင့် ပြည်ထောင်စုမှ ခွဲထွက်ရေးအတွက် တိုက်ပွဲဝင်နေသည့် နိုင်ငံရေးအင်အားစု ခေါင်းဆောင် တစ်ဦးအဖြစ် အသိအမှတ်ပြု ထောက်ခံလာစေရန် မဟာဗျူဟာများ ရေးဆွဲသင့်ကြောင်းလည်း အကြံပြုညွှန်ပြခဲ့ပါသည်။ MTA အနေဖြင့် လွတ်လပ်သော ရှမ်းနိုင်ငံအဖြစ် ကြေညာချက်ထုတ်ပြန်ရန်နှင့် ထိုသို့ ထုတ်ပြန်ပြီးသည့်အခါ အနောက်နိုင်ငံများတွင် MTA ကိုယ်စားလှယ် ရုံးခွဲများ ဖွင့်လှစ်နိုင်ရန် လိုအပ်သော အကူအညီနှင့် ပံ့ပိုးမှုများပေးမည် ဟူသည့် သဘောတူညီချက်ကိုပင် ပေးခဲ့ပါသည်။

ဦးခွန်ဆာသည် Mr. Bourne ၏ အကြံပြုချက်ကို ချက်ချင်း လက်ငင်း အကောင်အထည်ဖော်ကာ MTA အဖွဲ့၏ ထိန်းချုပ်မှု အောက်ရှိ နယ်မြေကို လွတ်လပ်သော ရှမ်းနိုင်ငံအဖြစ်လည်းကောင်း၊ ၎င်းကိုယ် ၎င်းလည်း သမ္မတအဖြစ်လည်းကောင်း ခန့်အပ်ကြေညာခဲ့ပါ သည်။ ၎င်း၏ ဘိန်းဘုရင်ဟူသော အသွင်အပြင်ကို ရှမ်းပြည်လွတ်လပ် ရေးတိုက်ပွဲဝင်သည်ဟူသော အရောင်အသွေးဖြင့် ဖုံးကွယ်၍ နယ်မြေ ချဲ့ထွင်သည့် တိုက်ပွဲများကို ဖန်တီးခဲ့ပါသည်။ ဤသို့ ဖန်တီးခဲ့သော် လည်း အကျအဆုံးများစွာနှင့် ရင်ဆိုင်ခဲ့ရပါသည်။

ဦးခွန်ဆာ၏ လွတ်လပ်သော ရှမ်းနိုင်ငံအဖြစ် ကြေညာချက်သည် တပ်မတော်နှင့် MTA အကြား ဖြစ်ပွားနေသည့် တိုက်ပွဲများကို အရှိန်အဟုန် မြင့်တက်စေခဲ့ပြီး သွေးထွက်သံယိုမှုများ တိုးပွားလာကာ ဒေသခံ တိုင်းရင်းသားပြည်သူတို့အား ဆင်းရဲဒုက္ခများ ပိုမိုဖြစ်ပွားစေ ခဲ့ပါသည်။ ဤသည်မှာ အမေရိကန်တို့၏ လက်ချက်ကြောင့် ဖြစ်ပါ သည်။

မည်သို့ပင်ဖြစ်စေကာမူ အမေရိကန်အစိုးရသည် ထိုနှစ်အတွင်း မှာပင် အမေရိကန်နိုင်ငံ ဝါရှင်တန်ဒီစီနှင့် နယူးယောက်မြို့တို့တွင် မူလက ၎င်းတို့ သဘောတူထားသည့်အတိုင်း MTA ၏ ကိုယ်စားလှယ် ရုံးခွဲများ ဖွင့်လှစ်ပေးခဲ့ပါသည်။

MTA ဌာနချုပ်ရှိ ဦးခွန်ဆာထံသို့ အမေရိကန်ဗိုလ်မှူးကြီးဟောင်း Hhon Be Grity ၊ ဗြိတိသျှစစ်မှုထမ်းဟောင်း Patrie King၊ အမေရိကန်ရုပ်ရှင်ဒါရိုက်တာ Dan Melnick ၊ အမေရိကန် လက်ထောက်နိုင်ငံခြားရေးဝန်ကြီး Winston Lord ၏ဇနီး Belte Bao Lord၊ အမေရိကန် ဗဟိုထောက်လှမ်းရေးအဖွဲ့ (CIA) က လွှတ်လိုက်သည့်အဖွဲ့၊ အမေရိကန်လွှတ်တော်အမတ်အချို့နှင့် ပြည်ပ စာနယ်ဇင်းမျိုးစုံ၊ အသံလွှင့်ဌာနမျိုးစုံမှ သတင်းထောက်များ ဥဒဟို ဝင်ထွက်သွားလာခဲ့ကြပါသည်။ အမေရိကန် ဒုတိယနိုင်ငံခြားရေးဝန်ကြီး ၏ ဇနီးကဆိုလျှင် စစ်ဝတ်စုံ ၅၀၀ လက်ဆောင်ပေးသွားခဲ့ပါသည်။ ဤပုဂ္ဂိုလ်များ အလည်အပတ်သက်သက် လာရောက်ခြင်းမဟုတ်သည် မှာ သံသယဖြစ်ဖွယ်မရှိပါ။ မြန်မာ့ပြည်တွင်းရေးကို လက်ကုန်နှိုက်ပြီး ဝင်ရောက်စွက်ဖက်ခြေရှုပ်ကြခြင်းသာ ဖြစ်ပါသည်။

ထူးခြားစိတ်ဝင်စားဖွယ်ကောင်းသည်မှာ ၁၉၉၅ခုနှစ်တွင် CIA က စေလွှတ်လိုက်သည့် အဖွဲ့တစ်ဖွဲ့သည် ဦးခွန်ဆာထံသို့ ရောက်လာ ပါသည်။ Mr. Shane Wang နှင့် Mr. Peter Lui ဆိုသူတို့ဖြစ်ကြပါ သည်။ Peter Lui သည် ၁၉၉၁ခုနှစ်လောက်ကတည်းက ဦးခွန်ဆာ ထံသို့ မကြာခဏ လာရောက်တွေ့ဆုံခဲ့သူဖြစ်သည်။ **၎င်းတို့သည် CIA ဌာနချုပ်က မှာလိုက်သည့်အတိုင်း MTA အား ငွေကြေး လက်နက်နှင့်တကွ အခြားစစ်ပစ္စည်းများ အထောက်အပံ့အကူအညီပေး ရေး အကြံပြုချက်တစ်ရပ်ကို ကမ်းလှမ်းခဲ့ကြသည်။ ဤထောက်ပံ့မှု များအတွက် MTA ထိန်းချုပ်ထားသော နယ်မြေတွင် အမေရိကန်၏ ဒုံးပျံစခန်းတစ်ခု ထူထောင်ခွင့်ပြုရန် အပေးအယူလုပ်ရမည့် အဓိက အချက်ပါလာပါသည်။**

ဦးခွန်ဆာသည် ထိုကာလက တပ်မတော်အစိုးရကို တိုက်ခိုက်နေသူ ဖြစ်သော်လည်း အမျိုးသားနိုင်ငံရေးအသိတရားမဲ့သူမဟုတ်ပါ။ ၎င်းနှင့် တကွ ၎င်းတို့နယ်မြေအတွင်း နေထိုင်ကြသူများအပေါ် ကျရောက်လာ နိုင်သည့်အန္တရာယ်ကို သဘောပေါက်နားလည်သည့်အတွက် CIA ၏ ကမ်းလှမ်းချက်ကို မဆိုင်းမတွပင် ငြင်းပယ်ခဲ့ပါသည်။ ဤအတွက် ဦးခွန်ဆာကို ကျေးဇူးတင်ရမည်ဖြစ်ပါသည်။

ဦးခွန်ဆာသည် အမေရိကန်တို့၏ ဤတောင်းဆိုချက်ကို လက်ခံ သဘောတူညီမှု မပြုသည့်အတွက် ၎င်း၏အသက်ဘေးအန္တရာယ် ကျရောက်နိုင်သည်ကို ကောင်းစွာနားလည်သဘောပေါက်သဖြင့်လည်း ကောင်း၊ အခြားအကြောင်းများကြောင့်လည်းကောင်း ၎င်းတို့အဖွဲ့ လုပ်ကိုင်ဆောင်ရွက်နေသော လုပ်ငန်းအားလုံးကို ရပ်ဆိုင်းပြီး ၁၉၉၆ခုနှစ် ဇန်နဝါရီလ ၅ရက်နေ့မှစ၍ တပ်မတော်အစိုးရထံသို့ ခြွင်းချက်မရှိ လက်နက်အားလုံးအပ်နှံ၍ ငြိမ်းချမ်းရေးရယူခဲ့ပါသည်။ ဤလုပ်ရပ် ကြောင့် အမေရိကန်အစိုးရ၏ မြန်မာနိုင်ငံအပေါ် အကြံပက်စက်စွာ လုပ်ကြံမှုကြီးတစ်ခု ပျက်ပြားသွားခဲ့ခြင်းဖြစ်ပါသည်။

ရှမ်းပြည်နယ် အပါအဝင် ပြည်ထောင်စုကြီးတစ်ခုလုံးအတွက် အများကြီးအကျိုးသက်ရောက် စေခဲ့ပါသည်။ နှစ်ဖက်သွေးထွက်သံယိုမှု ကြီးများ ဆက်လက်ဖြစ်ပွားမည်ကို ရပ်စဲလိုက်ပြီး မေတ္တာနှင့်ယှဉ်သော ငြိမ်းချမ်းရေးကို ရယူလိုက်ခြင်း ဖြစ်ပါသည်။ သာဓုခေါ်ရမည် ဖြစ်ပါသည်။

အမေရိကန်အစိုးရနှင့် ဒေါ်စုကြည်တို့သည် အမျိုးသားညီလာခံ ဆက်လက်ကျင်းပနေခြင်းကို မကြိုက်ကြပါ။ မြန်မြန်ပျက်စေချင် နေပါသည်။ အဓိကအချက်မှာ အမေရိကန်အစိုးရက မြန်မာနိုင်ငံ၌ ၎င်း၏ စစ်အခြေစိုက်စခန်းများနှင့် ဒုံးပျံစခန်းများ ချထားလို၍ ဖြစ်ပါသည်။ သို့ရာတွင် အမျိုးသားညီလာခံက ချမှတ်ထားသည့် အခြေခံမူ (၁၀၄)ချက်တွင် နိုင်ငံတော်အတွင်း မည်သည့် နိုင်ငံခြားတပ်ဖွဲ့ကိုမျှ တပ်ချခွင့်မပြုဟူသော အခြေခံမူပါရှိနေရာ ဤမူနှင့်အခြား ၎င်းတို့မကြိုက်သော မူများကိုပါ ဖျက်ဆီးပစ်လို ပါသည်။ အမေရိကန်တို့အတွက် စစ်အခြေစိုက်စခန်းချခွင့်ရမည့် ဖွဲ့စည်းပုံမျိုးနှင့် ကြားနေအစိုးရ၊ ဘက်မလိုက်အစိုးရမျိုးမဟုတ် သည့် ရုပ်သေးအစိုးရ၊ ၎င်းတို့စကား နားထောင်မည့်အစိုးရ၊ ထားရာနေ စေရာသွားမည့်အစိုးရမျိုးဖြစ်ရန် လိုအပ်နေပါသည်။ ဤအတွက် အမေရိကန်အစိုးရသည် ၎င်းတို့အလိုကျ ကြိုးဆွဲ ရာကမည့် ဒေါ်စုကြည်ကို မြန်မာနိုင်ငံအစိုးရခေါင်းဆောင်အဖြစ် တင်မြှောက် လိုပါသည်။ ဤသို့ ဖြစ်လာရန်မှာလည်း လုံးဝ မလွယ်ကူဘဲ ဖြစ်နေပါသည်။

တပ်မတော်အစိုးရသည် အကြောင်းအမျိုးမျိုးကို ထောက်ရှု၍လည်းကောင်း၊ ထိပ်တိုက်ရင်ဆိုင်မှုကို ပြေအေးစေလိုသဖြင့်လည်းကောင်း ဒေါ်စုကြည်နှင့် ဦးတင်ဦးကို တားဆီးမိန့်ထုတ်ပြန်ထားခြင်းမှ ၁၉၉၅ ခုနှစ် ဇူလိုင်လ ၁၀ရက်နေ့တွင် ရုပ်သိမ်းပေးခဲ့ပါသည်။ ဒေါ်စုကြည်သည် ဇူလိုင်လ ၁၀ ရက်၊ ၁၄ရက်၊ ၂၄ရက်နှင့်နောက်ပိုင်းရက်များတွင် ပြည်တွင်းပြည်ပသတင်းစာဆရာများ၊ သံတမန်များနှင့် တွေ့ဆုံရာတွင်–

- တွေ့ဆုံဆွေးနွေးညှိနှိုင်းခြင်းနှင့် အလုံးစုံ ပျက်သုဉ်းခြင်းတည်းဟူသော လမ်းနှစ်သွယ်အနက် တစ်ခုခုကို ရွေးချယ်ရမည်ဖြစ်ကြောင်း၊
- ယခုကျင်းပနေသော အမျိုးသားညီလာခံကို ၎င်းက မကြိုက်ကြောင်း၊ ပြုပြင်စရာများ များစွာ ရှိကြောင်း၊ ထိုအရာများ အားလုံးကို ပြုပြင်ပြောင်းလဲရမှာဖြစ်ကြောင်း၊
- ဦးအောင်ရွှေတို့ဆိုလျှင် အမျိုးသားညီလာခံကို စပြီးလုပ်ကတည်းက တက်ရောက်နေကြောင်း၊ ၎င်းအနေဖြင့် ထိုသို့ တက်ရောက်နေခြင်းကို သဘောထား မတိုက်ဆိုင်ကြောင်း၊ မကြိုက်ကြောင်း၊
- မြန်မာနိုင်ငံတွင် ရင်နှီးမြှုပ်နှံမှုများ မပြုလုပ်သင့်ကြောင်း၊ ဂျပန်နိုင်ငံမှ ထောက်ပံ့နေသော အထောက်အပံ့များ အပါအဝင် အခြားနိုင်ငံများကလည်း အထောက်အပံ့များ မပြုလုပ်သင့် ကြောင်း၊
- အာဆီယံနိုင်ငံများအနေဖြင့် မြန်မာနိုင်ငံအား ဆေးဖော်ကြောဖက်မလုပ်ဖို့ လိုကြောင်းများ ပြောကြားခဲ့ပါသည်။ (တပ်မတော်အစိုးရ အကျပ်အတည်းဖြစ်ရန်နှင့် အမျိုးသား ညီလာခံကို ဖျက်ရန် အမေရိကန်အစိုးရအကြိုက် ခြေလှမ်းလာခြင်းသာ ဖြစ်ပါသည်။)

ဒေါ်စုကြည်လွတ်လာပြီးနောက် နှစ်လအကြာ ၁၉၉၅ ခုနှစ် စက်တင်ဘာလ ၉ရက် နံနက်ပိုင်းတွင် ကုလသမဂ္ဂဆိုင်ရာ အမေရိကန် အမြဲတမ်းသံအမတ်ကြီး မစ္စစ်မယ်ဒလင်းအောဘရိုက်(နောက်ပိုင်းတွင် အမေရိကန်နိုင်ငံခြားရေးဝန်ကြီးဖြစ်လာသူ)သည် မြန်မာနိုင်ငံသို့ရောက်ရှိလာပြီး ဒေါ်စုကြည်နှင့် ၎င်း၏ နေအိမ်အနောက်ဘက်ရှိ အင်းလျားကန်ပေါင်ပေါ်၌ လမ်းလျှောက်ရင်း နှစ်ကိုယ်ကြားတွေ့ဆုံမှု ပြုလုပ် ခဲ့ပါသည်။ ယင်းသို့တွေ့ဆုံပြီးနောက် ဒေါ်စုကြည်သည် အမျိုးသားညီလာခံအပေါ် ပိုမိုတင်းမာသည့် သဘောထားများကို ပြသလာပါသည်။ ထိုနှစ် နိုဝင်ဘာလ ၂၈ရက်နေ့မှစ၍ ဒေါ်စုကြည်၏ အမိန့်ဖြင့် အမျိုးသားညီလာခံသို့ တက်ရောက်နေသော အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် (NLD)မှ ကိုယ်စားလှယ် ၈၆ဦးတို့သည် ညီလာခံသို့ တက်ရောက်ခြင်းမပြုတော့ဘဲ သပိတ်မှောက်သွားကြပါသည်။ (အမျိုးသား ညီလာခံပျက်အောင်လုပ်ခြင်းဖြစ်ပါသည်။) ထိုအခြေအနေကြောင့် အမျိုးသားညီလာခံကို (၈)နှစ်မျှ ရပ်နားခဲ့ရပြီး ယနေ့အချိန်အခါတွင် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲပြဋ္ဌာန်းအကောင် အထည်ဖော်ရေးအတွက် နိုင်ငံရေးလမ်းပြမြေပုံ (၇)ရပ်ချမှတ်ပြီး အမျိုးသားညီလာခံကို ဆက်လက်ကျင်းပ လျက်ရှိပါသည်။

အမေရိကန်အစိုးရနှင့် ဒေါ်စုကြည်တို့သည် အမျိုးသားညီလာခံ ဆက်လက်ကျင်းပနေခြင်းကို မကြိုက်ကြပါ။ မြန်မြန်ပျက်စေချင်နေပါသည်။ အဓိကအချက်မှာ အမေရိကန်အစိုးရက မြန်မာနိုင်ငံ၌ ၎င်း၏ စစ်အခြေစိုက်စခန်းများနှင့် ဒုံးပျံစခန်းများ ချထားလို၍ဖြစ်ပါသည်။ သို့ရာတွင် အမျိုးသား ညီလာခံက ချမှတ်ထားသည့် အခြေခံမူ (၁၀၄) ချက်တွင် နိုင်ငံတော်အတွင်း မည်သည့်နိုင်ငံခြားတပ်ဖွဲ့ ကိုမျှ တပ်ချခွင့်မပြုဟူသော အခြေခံမူပါရှိနေရာ ဤမူနှင့်အခြား ၎င်းတို့မကြိုက်သော မူများကိုပါ ဖျက်ဆီးပစ်လိုပါသည်။ အမေရိကန်တို့အတွက် စစ်အခြေစိုက်စခန်းချခွင့်ရမည့် ဖွဲ့စည်းပုံမျိုးနှင့် ကြားနေအစိုးရ၊ ဘက်မလိုက်အစိုးရမျိုးမဟုတ်သည့် ရုပ်သေးအစိုးရ၊ ၎င်းတို့စကား နားထောင်မည့်အစိုးရ၊ ထားရာနေ စေရာသွားမည့်အစိုးရမျိုးဖြစ်ရန် လိုအပ်နေပါသည်။ ဤအတွက် အမေရိကန်အစိုးရသည် ၎င်းတို့အလိုကျ ကြိုးဆွဲရာကမည့် ဒေါ်စုကြည်ကို မြန်မာနိုင်ငံအစိုးရခေါင်းဆောင်အဖြစ် တင်မြှောက် လိုပါသည်။ ဤသို့ ဖြစ်လာရန်မှာလည်း လုံးဝမလွယ်ကူဘဲ ဖြစ်နေပါသည်။ အဓိကအကြောင်းရင်းမှာ အမျိုးသားညီလာခံက

စာမျက်နှာ ၁၀ ကော်လံ ၁ သို့

❍ စာမျက်နှာ ၉ ဆောင်းပါးမှအဆက်

ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်အဖြစ် ရွေးချယ်တင်မြှောက်ပိုင်ခွင့် မရှိသည့် အသေးစိတ်အခြေခံရမည့်မူ (၁၂)ချက် ချမှတ်ခဲ့ရာတွင် ၁၉၄၇ ခုနှစ်က ဒေါ်စုကြည်၏ ဖခင် ဗိုလ်ချုပ်အောင်ဆန်းကိုယ်တိုင် တင်ပြ၍ ၁၉၄၇ခုနှစ် ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေတွင် ထည့်သွင်းပြဋ္ဌာန်းခဲ့သည့် မူကြီး(၃)ရပ် ပါရှိလာခြင်းကြောင့် ဖြစ်ပါသည်။ ယင်းမူကြီး (၃)ရပ်မှာ–

- **နိုင်ငံခြားအစိုးရ၏ ကျေးဇူးသစ္စာကို ခံယူစောင့်ရှောက်ရှိသေသူ၊ သို့မဟုတ် နိုင်ငံခြားအစိုးရ၏ လက်အောက်ခံဖြစ်သူ၊ သို့မဟုတ် တိုင်းတစ်ပါး၏ နိုင်ငံသားဖြစ်သူ၊**
- **နိုင်ငံခြားအစိုးရ၏ လက်အောက်ခံ ဖြစ်သူသော် လည်းကောင်း၊ တိုင်းတစ်ပါး၏ နိုင်ငံသား သော်လည်းကောင်း ခံစားရသော အခွင့်အရေးများ၊ သို့မဟုတ် ကျေးဇူးခံစားခွင့်များကို ခံစားနိုင်ခွင့်ရှိသူ၊**
- **နိုင်ငံခြားတိုင်းပြည်တစ်ခုခု၏ အစိုးရ သို့မဟုတ် ဘာသာရေး အဖွဲ့အစည်း သို့မဟုတ် အခြားအဖွဲ့အစည်းများမှ ငွေကြေး၊ မြေ၊ အိမ်၊ အဆောက်အအုံ၊ ယာဉ်၊ ပစ္စည်း စသည်တို့ကို တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်သောနည်းဖြင့်ဖြစ်စေ အထောက်အပံ့ ရယူသုံးစွဲသူ သို့မဟုတ် ယင်းသို့ အထောက်အပံ့ ရယူသုံးစွဲသည့် အဖွဲ့အစည်းဝင်ဖြစ်သူ**

ဟူ၍ ဖြစ်ပါသည်။

ဖော်ပြပါ မူများအရ ဒေါ်စုကြည်သည် မြန်မာနိုင်ငံ၏ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်ဖြစ်မလာနိုင်ပါ။ အစိုးရခေါင်းဆောင် ဖြစ်မလာနိုင်ပါ။ ဤမူများမှာလည်း အမျိုးသားညီလာခံကြီးက တမင်တီထွင်၍ ရေးဆွဲချမှတ်ခဲ့ခြင်းမဟုတ်ပါ။ ဒေါ်စုကြည်၏ ဖခင်ဖြစ်သော၊ နယ်ချဲ့တို့ကို ဆန့်ကျင်တိုက်ခိုက်ခဲ့သော လွတ်လပ်ရေးဗိသုကာ ဗိုလ်ချုပ်အောင်ဆန်းကိုယ်တိုင် ရေးဆွဲချမှတ် ပြဋ္ဌာန်းခဲ့သည့်မူများဖြစ်သည့်အပြင် မြန်မာနိုင်ငံ အစိုးရအဆက်ဆက်က လက်ခံကျင့်သုံးခဲ့သည့်မူများလည်း ဖြစ်နေပါသည်။

အလားတူပင် ပြည်ပြေးအကြမ်းဖက်သောင်းကျန်းသူများနှင့် KNU အဖွဲ့အတွင်းမှ နိုင်ငံရေးသမား ဆိုသူများကလည်း အမျိုးသားညီလာခံကြီး အရှိန်အဟုန်ဖြင့် အောင်မြင်စွာကျင်းပနေခြင်းကို မကြိုက်ကြပါ။ ၎င်းတို့မကြိုက်သည့် အကြောင်းရင်းမှာ အမျိုးသားညီလာခံက ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသား စည်းလုံးညီညွတ်မှုမပြိုကွဲရေးနှင့် အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးကို ရှေးရှုပြီး နိုင်ငံတော်ဖွဲ့စည်းတည်ဆောက်မှုကို ယခင်မူလအတိုင်း တိုင်းဒေသကြီး (၇)ခုနှင့် ပြည်နယ်(၇)ခုတို့ဖြင့် ဖွဲ့စည်းတည်ဆောက်ရန် အခြေခံမူနှင့် အသေးစိတ်အခြေခံရမည့်မူများ ချမှတ်ထားခြင်းကြောင့် ဖြစ်ပါသည်။

၎င်းတို့ လိုလားသည်မှာ ပြည်နယ်(၈)ပြည်နယ်ဟုဆိုသော ဖက်ဒရယ်မူပင်ဖြစ်ပါသည်။ ထို ဖက်ဒရယ်မူကို လက်ခံကိုင်စွဲထားကြောင်းကိုလည်း မဲသရောထကြေညာချက်ဖြင့် အတိအလင်း ကြေညာထားပါသည်။ ၎င်းမဲသရောထကြေညာချက်ကိုလည်း NLD ဒေါ်စုကြည်က ထောက်ခံကြောင်း ထုတ်ဖော်ပြောကြားထားပါသည်။ ၎င်းတို့၏ ဖက်ဒရယ်မူဆိုသည်မှာ ၁၉၆၂ခုနှစ်ကာလက ရှမ်းပဒေသရာဇ်စော်ဘွားအနွယ်များ ခြေရှုပ် လှုပ်ရှားခဲ့ကြသည့် ဖက်ဒရယ်မူကို ပြန်လည်အသက်သွင်းနေခြင်းဖြစ်ရာ ပြည်ထောင်စုကြီးအတွက် အလွန်ပင်အန္တရာယ်ကြီးမားသောလုပ်ရပ် ဖြစ်နေပြန်ပါသည်။

ထိုအကြောင်းများကြောင့် အနောက်နိုင်ငံကြီးအချို့နှင့် အမေရိကန်အစိုးရကလည်းကောင်း၊ ဒေါ်စုကြည်နှင့် NLD ခေါင်းဆောင်များသည်လည်းကောင်း၊ လက်ကျန်ပြည်ပြေးအကြမ်းဖက်သောင်းကျန်းသူများနှင့် KNU နိုင်ငံရေးသမားဆိုသူများကလည်းကောင်း၊ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေးအတွက် ကျင်းပပြုလုပ်နေသော အမျိုးသားညီလာခံကြီးပျက်ပြားသွားစေရန်နှင့် တပ်မတော်အစိုးရကို ဖယ်ရှားပစ်ရန်နည်းလမ်းမျိုးစုံသုံး၍ ဆန့်ကျင်လှုပ်ရှားနေကြခြင်းဖြစ်ပါသည်။

မြေပေါ်မြေအောက်နည်း၊ ပြည်တွင်းပြည်ပနည်း၊ သံတမန်နည်း၊ နိုင်ငံတကာမှ ဖိအားပေးစေသည့်နည်း၊ ကုလသမဂ္ဂအပါအဝင် အဖွဲ့အစည်းပေါင်းစုံနည်း စသည်များကို အသုံးချနေပါသည်။ ၁၉၈၈ခုနှစ် အရေးအခင်းကဲ့သို့ ဆူပူအုံကြွ အကြမ်းဖက်မှုများ ပေါ်ပေါက်ရေးအထိ ပြင်ဆင်လှုပ်ရှားနေကြပါသည်။

၎င်းတို့၏ အကြံအစည်များကို ဖုံးကွယ်လှည့်စားပြီး နိုင်ငံတကာမှ ထင်ယောင်ထင်မှားဖြစ်အောင်လည်း နည်းမျိုးစုံဖြင့် လုပ်ဆောင်နေကြပါသည်။ အမေရိကန်အစိုးရက မြန်မာနိုင်ငံ၏ အခြေအနေသည် နိုင်ငံတကာလုံခြုံရေးကို ထိခိုက်စေနိုင်သည်ဟု မဟုတ်မမှန်လုပ်ကြံစွပ်စွဲပြီး ကုလသမဂ္ဂလုံခြုံရေးကောင်စီ၌ ထည့်သွင်းဆွေးနွေးရန် တစ်ဖက်သတ်လုပ်ဆောင်ခဲ့ခြင်းသည် ဖော်ပြပါ အကြောင်းရင်းခံများကြောင့်ပင် ဖြစ်ပါသည်။

အမေရိကန်၏ မြန်မာနိုင်ငံအပေါ် ယင်းသို့တစ်ဖက်သက် ဖိအားပေးလုပ်ဆောင်နေခြင်းကို သမာသမတ်ကျသောနိုင်ငံများ၊ ဘက်မလိုက်သောနိုင်ငံများက ဆန့်ကျင်ကန့်ကွက်နေသည့်ကြားမှ လည်းကောင်း၊ ပြည်တွင်းမှ အမျိုးသားရေးအင်အားစုများနှင့် ပြည်သူလူထုတို့က ဆန့်ကျင်ကန့်ကွက်နေကြသည့်ကြားမှလည်းကောင်း NLD နှင့် အပေါင်းပါနိုင်ငံရေးသမားဆိုသူများ၊ ပြည်ပြေးအကြမ်းဖက်သောင်းကျန်းသူများက ဝမ်းသာအားရ ကြိုဆိုထောက်ခံနေကြသည်မှာလည်း အထက်ဖော်ပြပါ အခြေခံအကြောင်းရင်းများကြောင့်ဖြစ်ကြောင်း သိသာထင်ရှားနေပါသည်။

ဤဆောင်းပါးရေးသားပြုစုနေစဉ် ယခုရက်ပိုင်းအတွင်းမှာပင် မြန်မာနိုင်ငံနှင့်စပ်လျဉ်း၍ လုံခြုံရေးကောင်စီ၌ ဆုံးဖြတ်ချက်ချမှတ်နိုင်ရန် အမေရိကန်အစိုးရကမူကြမ်းတင်သွင်းမည်ဖြစ်ကြောင်း သတင်းများ ကြားသိနေရပါသည်။ ယင်းသို့ အမေရိကန်တင်သွင်းသော မူကြမ်းအတည်ပြုနိုင်ရေးအတွက်လည်း ၎င်းတို့လက်ပါးစေ မီဒီယာများက ဘေးတီးပေးနေသလို ပြည်ပြေးများ၊ ပြည်တွင်းမှ နိုင်ငံရေးသမားဆိုသူများကလည်း လှုံ့ဆော်နေသည်ကို ကြားသိနေရပြန်ပါသည်။ မိတ်ဆွေသတင်းသမားတစ်ဦးကလည်း ယခုရက်ပိုင်းအတွင်း ရန်ကုန်မြို့ရှိ NLD ဌာနချုပ်သို့ အမေရိကန်သံရုံးမှ သံတမန်၊ ဝန်ထမ်းများ နေ့စဉ်လိုလိုလာရောက်ပြီး NLD, CEC များနှင့် တွေ့ဆုံဆွေးနွေးမှုများ ပြုလုပ်နေကြောင်း ပြန်လည်ပြောပြသဖြင့် သိခဲ့ရပါသည်။ ဤဖြစ်ရပ်များမှာလည်း အချိန်ကိုက်၊ စည်းဝါးကိုက် ပူးပေါင်းကြံစည်လှုပ်ရှားနေခြင်းဖြစ်ကြောင်း ပေါ်လွင်ထင်ရှားနေပါသည်။

သို့ဖြစ်၍ မြန်မာနိုင်ငံ၌ စစ်စခန်းနှင့် ဒုံးပျံစခန်းများအခြေစိုက်ချထားနိုင်ရေးအတွက် ကိုယ်ပိုင်ရုပ်သေးအစိုးရ ထားရှိရန်ကြိုးပမ်းအားထုတ်နေသော အမေရိကန်နှင့် အမေရိကန်အလိုကျ ကြိုးဆွဲရာလိုက်ကနေသော အမျိုးသားသစ္စာဖောက်များအကြောင်းကို ပြည်သူများနှင့် နိုင်ငံတကာမှ ဂဃနဏ သိရှိနိုင်ကြစေရန်ရည်ရွယ်လျက် ဤဆောင်းပါးကို ရေးသားပြုစုတင်ပြလိုက်ရပါသည်။ ။

မင်းဘူးခရိုင်အသင်း ပညာရည်ချွန်ဆုနှင်းပွဲနှင့် သက်ကြီးပူဇော်ပွဲ

ရန်ကုန် ဇန်နဝါရီ ၁၃

မင်းဘူးခရိုင်အသင်း နှစ်ပတ်လည် အစည်းအဝေး၊ ပညာရည်ချွန်ဆုနှင်းပွဲနှင့် သက်ကြီးပူဇော်ပွဲကို ဇန်နဝါရီ ၂၁ရက် နံနက် ၈နာရီမှ ၁၀နာရီအထိ ဗဟန်းကြားတောရလမ်း ကုန်သွယ်လယ်ယာ ခမ္မာရုံ၌ ကျင်းပမည်ဖြစ်ရာ ပညာရည်ချွန်ဆုနှင့် သက်ကြီးပူဇော်ပွဲအတွက် ဦးဝင်းဖေ ဥက္ကဋ္ဌ ဖုန်း–၇၀၄၇၆၆၊ ဦးစံလှ ဒုတိယဥက္ကဋ္ဌ ဖုန်း–၅၆၇၇၁၃ နှင့် ဦးစိန်ရိုး တွဲဖက်အတွင်းရေးမှူး ဖုန်း–၅၃၆၂၆၂ တို့ထံ ဆက်သွယ်နိုင်ကြောင်း သိရသည်။ (က–ပ)

ဇန်နဝါရီ ၆ ရက်က သဃ်န်းကျွန်းမြို့နယ် အမှတ်(၂၈) အခြေခံပညာ မူလတန်းကျောင်း ပညာရေးစုံညီပွဲတော်တွင် ကျောင်းသူလေးတစ်ဦး လှယဉ်ကျေးမယ်ဖျော်ဖြေမှု အစီအစဉ်ဖြင့် တင်ဆက်ပြသစဉ်။
(က–ပ)

မြဝတီရုပ်မြင်သံကြား အစီအစဉ်

၁၄–၁–၂၀၀၇ (တနင်္ဂနွေနေ့)

နံနက်ပိုင်း

- **၇:၀၀** ၁။ မြဝတီအဖွင့်
- **၇:၀၅** ၂။ အဖွင့်သီချင်း
- **၇:၁၀** ၃။ မျိုးချစ်တပ်မတော်
- **၇:၂၀** ၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
- **၇:၃၀** ၅။ မြန်မာသံစဉ်ချိုနားဝင်
- **၇:၄၅** ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်
- **၇:၅၀** ၇။ သာယာသီကြွေးခေတ်ဆန်းတေး
- **၇:၅၅** ၈။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- **၈:၀၀** ၉။ မြဝတီရုပ်မြင်သံကြားသတင်း
- **၈:၁၀** ၁၀။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- **၈:၁၅** ၁၁။ **ဆရာတော်ဦးဃောသိတတရားတော် –ဖဂ္ဂုနရဟာန်း**
- **၉:၁၅** ၁၂။ အပိတ်နှုတ်ဆက်စကား
- **၉:၁၆** ၁၃။ ပြီးပါပြီ။

နေ့လယ်ပိုင်း

- **၁၂:၀၀** ၁။ မြဝတီအဖွင့်
- **၁၂:၀၅** ၂။ အဖွင့်သီချင်း
- **၁၂:၁၀** ၃။ မျိုးချစ်တပ်မတော်
- **၁၂:၂၀** ၄။ သာယာသီကြွေးခေတ်ဆန်းတေး
- **၁၂:၃၀** ၅။ **မြဝတီရုပ်မြင်ပေါ်က ရုပ်ရှင် – အချစ်အိမ်**
- **၁၃:၅၀** ၆။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- **၁၃:၅၅** ၇။ အပိတ်နှုတ်ဆက်စကား
- **၁၄:၀၀** ၈။ ပြီးပါပြီ။

ညပိုင်း

- **၄:၀၀** ၁။ မြဝတီအဖွင့်
- **၄:၀၅** ၂။ အဖွင့်သီချင်း
- **၄:၁၀** ၃။ မျိုးချစ်တပ်မတော်
- **၄:၂၀** ၄။ လက်စွမ်းပြဟန်ဂီတသံ
- **၄:၃၀** ၅။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- **၄:၄၀** ၆။ ချိုမြလက်သံငြိမ့်ညောင်းဟန်
- **၄:၅၀** ၇။ သာယာသီကြွေးခေတ်ဆန်းတေး
- **၅:၀၀** ၈။ သံစဉ်များနှင့်ကမ္ဘာ
- **၆:၀၀** ၉။ မြဝတီရုပ်မြင်သံကြားသတင်း
- **၆:၁၀** ၁၀။ နိုင်ငံတကာသတင်း
- **၆:၂၀** ၁၁။ မိုးလေဝသသတင်း
- **၆:၂၅** ၁၂။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- **၆:၃၀** ၁၃။ လျှပ်တစ်ပြက်ရိုက်ချက်
- **၆:၄၅** ၁၄။ အံ့သြဖွယ်ရာဆပ်ကပ်ပညာ
- **၇:၀၀** ၁၅။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း "မြစ်တစ်စင်းရဲ့သံစဉ်" (အပိုင်း–၁၀)**
- **၈:၀၀** ၁၆။ မြဝတီရုပ်မြင်သံကြားသတင်း
- ၁၇။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- ၁၈။ ပဟေဠိနန်းတော်
- ၁၉။ ယနေ့ညအတွက် မြဝတီ၏ တေးလက်ဆောင်
- ၂၀။ **ENGLISH PREMIER LEAGUE ဘောလုံးပွဲ TottenhamHotspur Vs Newcastle United (Live)**
- ၂၁။ သင့်အတွက်မနက်ဖြန်
- ၂၂။ အပိတ်နှုတ်ဆက်စကား
- ၂၃။ ပြီးပါပြီ။

အင်တာနက်အားကစားသတင်းများ

နောက်တန်းလူ လော်ရင်ကို အာဆင်နယ်နည်းပြ လက်လွှတ်ခံနိုင်

လန်ဒန် ဇန်နဝါရီ ၁၃

ဘောလုံးသမားများ အသင်းပြောင်းရွှေ့နိုင်သည့် ဇန်နဝါရီလအတွင်း ကင်မရွန်းလူမျိုး နောက်တန်းလူ လော်ရင်ကို အခြားအသင်းတစ်သင်းက ခေါ်ယူမည်ဆိုပါက မိမိတို့အသင်းမှ နုတ်ထွက်ခွင့်ပေးမည်ဖြစ်ကြောင်း အာဆင်နယ်အသင်းမန်နေဂျာ အာဆင်ဝင်းဂါးက ယနေ့ ပြောကြားသည်။

လော်ရင်သည် ဒူးခေါင်းဒဏ်ရာရရှိခဲ့ပြီးနောက် တစ်နှစ်ကြာမျှ ဘောလုံးလောကမှ ကင်းကွာသွားခဲ့ပြီး ယခုအခါ ပြန်လည်ကြံ့ခိုင်နေပြီဖြစ်သည်။ သို့ရာတွင် လော်ရင်သည် အာဆင်နယ်အသင်း၏ ပထမဦးစားပေး ဘောလုံးသမားအဖြစ် ရပ်တည်လာနိုင်ဖွယ်မရှိကြောင်း အာဆင်ဝင်းဂါးက ပြောကြားသည်။

လော်ရင် ဒဏ်ရာရရှိခဲ့ချိန်ကတည်းကပင် ဂျပ်စတင်ဟွိုက်ကို ဦးစားပေးဘောလုံးသမားအဖြစ် မိမိ ရွေးချယ်ခဲ့ကြောင်း၊ အီမင်နျူယယ်အီးဘော့နှင့် ဂျိုဟန်ဒီရာရူတို့မှာလည်း အာဆင်နယ်အသင်း၏ နောက်တန်းအတွက် အားထားရသူများဖြစ်ကြောင်း အာဆင်ဝင်းဂါးက ပြောကြားသည်။

အင်တာနက်

မော်ရင်ဟို နုတ်ထွက်မည်ဆိုပါက ချယ်လ်ဆီးအသင်း ဆုံးရှုံးမှုဖြစ်ပေါ်နိုင်

လန်ဒန် ဇန်နဝါရီ ၁၃

ဟိုဆေးမော်ရင်ဟိုသည် ချယ်လ်ဆီးအသင်းမှ နုတ်ထွက်မည်ဆိုပါက အသင်းအတွက် နစ်နာဆုံးရှုံးမှု ဖြစ်ပေါ်လာနိုင်ကြောင်း၊ ၎င်း၏ နည်းပြစွမ်းရည်ကို မိမိလေးစားမိကြောင်း ဒစ်ဒီယာဒရော့ဘာက ယနေ့ပြောကြားသည်။

စိုးရိမ်ပူပန်မိ

ပေါ်တူဂီလူမျိုး နည်းပြဆရာ မော်ရင်ဟိုသည် လက်ရှိ ဘောလုံးရာသီ ကုန်ဆုံးချိန်တွင် ချယ်လ်ဆီးအသင်းမှ နုတ်ထွက်မည်ဟု မီဒီယာများက ရေးသားဖော်ပြနေခြင်းအတွက် မိမိစိုးရိမ်ပူပန်မိကြောင်း ဒရော့ဘာက The Sun အမည်ရှိ သတင်းစာသို့ ပြောကြားသည်။

လက်ရှိဘောလုံးရာသီအစတွင် ဝီလျံဂေါလစ်နှင့် ရောဘတ်ဟတ်တို့ကို ချယ်လ်ဆီးအသင်းက ရောင်းချခဲ့ရာတွင် မော်ရင်ဟိုနှင့် တိုင်ပင်ခဲ့ခြင်းမရှိသဖြင့် ၎င်းနှင့် ချယ်လ်ဆီးအသင်း တာဝန်ရှိသူများ ဆက်ဆံရေးတင်းမာခဲ့ရကြောင်း၊ ဂျွန်တယ်ရီ ဘောလုံးကစားနိုင်ခြင်းမရှိချိန်တွင် နောက်တန်းအင်အားဖြည့်တင်းနိုင်ရေးအတွက် ဘောလုံးသမားများ ခေါ်ယူရန်လိုအပ်သော်လည်း မော်ရင်ဟိုမှာ ရန်ပုံငွေသုံးစွဲခွင့် ငြင်းပယ်ခံခဲ့ရကြောင်း ဒရော့ဘာက ပြောကြားသည်။ *အင်တာနက်*

လီဗာပူးက ဝပ်ဖို့ဒ်အသင်းကို အနိုင်ရ

လန်ဒန် ဇန်နဝါရီ ၁၃

အင်္ဂလန်ပရီမီယာလိဂ် ဘောလုံးပြိုင်ပွဲကို ယနေ့ကျင်းပရာတွင် လီဗာပူးအသင်းက ဝပ်ဖို့ဒ်အသင်းကို သုံးဂိုး–ဂိုးမရှိဖြင့် အနိုင်ရရှိသည်။

အင်္ဂလန် ဝပ်ဖို့ဒ်မြို့ရှိ ဗီကာရေ့ဂျ်အားကစားကွင်းတွင် ကျင်းပသည့် ယင်းပွဲ၌ ပွဲချိန် ၃၄မိနစ်တွင် ဘယ်လာမီကလည်းကောင်း၊ ပွဲချိန် မိနစ် ၄၀ နှင့် ၄၈ မိနစ်တို့တွင် ပီတာခရပ်ချ်ကလည်းကောင်း ဂိုးသွင်းနိုင်ခဲ့သည်။

အင်တာနက်

ရီးယဲလ်မဒရစ် အသင်းခေါင်းဆောင် လီဗာပူးအသင်းသို့ ရွှေ့ပြောင်းနိုင်

မဒရစ် ဇန်နဝါရီ ၁၃

ရီးယဲလ်မဒရစ်အသင်း၏ အသင်းခေါင်းဆောင် တိုက်စစ်မှူး ရာအူးလ်ဂွန်ဇာ လက်သည် လာမည့်နွေရာသီတွင် အင်္ဂလန်ပရီမီယာလိဂ် ဘောလုံးပြိုင်ပွဲဝင် လီဗာပူးအသင်းသို့ ရွှေ့ပြောင်းနိုင်ကြောင်း ယနေ့ အင်တာနက်သတင်းတွင် ဖော်ပြသည်။

ရင်းနှီးခင်မင်

လီဗာပူးအသင်း နည်းပြရာဖေးဘင်နီတက်ဇ်သည် ယခင်ကတည်းကပင် ရာအူးလ်နှင့် ရင်းနှီးခင်မင်ခဲ့ကြောင်း၊ ရာအူးလ်၏ ဆယ်ကျော်သက်ရွယ်နှစ်များအတွင်း လူငယ်နည်းပြဆရာအဖြစ် ဘင်နီတက်ဇ်က ရီးယဲလ်မဒရစ်အသင်းကို ကိုင်တွယ်ခဲ့ကြောင်း စပိန်နိုင်ငံတွင်ထုတ်ဝေသော အားကစားနေ့စဉ်သတင်းစာက ရေးသားဖော်ပြသည်။

ရီးယဲလ်မဒရစ်အသင်း၏ လက်ရှိနည်းပြ ဖာဘီယိုကာပယ်လိုသည် သက်ကြီးဘောလုံးသမားများ၏ နေရာတွင် တက်သစ်စ ဘောလုံးသမားများနှင့် အစားထိုးမည့် အစီအစဉ်ရှိနေကြောင်း သတင်းစာက ဖော်ပြသည်။

အင်တာနက်

လှိုက်လှဲစွာ ဂုဏ်ယူဝမ်းမြောက်ခြင်း

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီမှ အမိန့်ကြော်ငြာစာ(၁/၂၀၀၇)ဖြင့် ကျိုက်ထီးရိုးဆံတော်ရှင် စေတီတော်မြတ်အား ရွှေသုံးပိဿာနှင့် မြန်မာပြည်အရပ်ရပ်ရှိစေတီတော်များ၊ သာသနိက အဆောက်အအုံများသို့ ကျပ်သိန်းပေါင်းများစွာလှူဒါန်းခဲ့သည့် **ဦးမြင့်စိုး**ကို **"သီရိသုဓမ္မမဏိဇောတဓရ"** ဘွဲ့တံဆိပ်တော် ချီးမြှင့်ခြင်းခံရသည့်အတွက် လှိုက်လှဲစွာ ဂုဏ်ယူဝမ်းမြောက်ပါသည်။ သာသနာ့ဒါယကာကြီး **ဦးမြင့်စိုး** အသက်ရှည်ကျန်းမာ၍ နှစ်စဉ် သာသနာတော်ကြီး၏အကျိုး၊ တိုင်းပြည်၏အကျိုးတို့ကို ယခုထက်ပိုမိုဆောင်ရွက်နိုင်ပါစေဟု ဆုမွန်ကောင်းတောင်းအပ်ပါသည်။

ဦးစိုးဝင်း(စဥ့်ကူစိုးဝင်း)နာယက
ဦးဘိုကြည်(ဒေါက်တာမိုလ်သံမဏိတောင်တွင်းကြီး) ဥက္ကဋ္ဌ
ဦးမြင့်စိုး(တရားရုံးချုပ်ရှေ့နေ)ဒုတိယဥက္ကဋ္ဌ
ဦးခင်မောင်ညွန့်(တရားရုံးချုပ်ရှေ့နေ)အတွင်းရေးမှူးနှင့်
ဗုဒ္ဓပူဇနိယ ဆီမီး ၉၉၀၀အဖွဲ့ အမှုဆောင်များ၊ အင်းစိန်မြို့နယ်။

ကိုဆန်နီ–မမိုး
ကိုချိုတူး–မနှင်း
ကိုတင်ထွန်းဇော်–မအေးအေးခိုင်
ကိုစောစေးထူး–မနော်ဆဲအယ်လှ
ဓမ္မမိတ်ဆွေများ၊ ရန်ကုန်မြို့။

သီရိသုဓမ္မသိင်္ဂီ သီတဂူ "ဒေါ်အေးသိန်း" အတွက် လှိုက်လှိုက်လှဲလှဲဝမ်းမြောက်ဂုဏ်ယူခြင်း

နိုင်ငံတော်မှ ၂၀၀၇ ခုနှစ် (၅၉) နှစ်မြောက် လွတ်လပ်ရေးနေ့တွင် သာသနာတော်ဆိုင်ရာ ဘွဲ့ထူးဂုဏ်ထူး တံဆိပ်အား ဂုဏ်ပြုချီးမြှင့်ခြင်း ခံရသည့် အ–လ–က (၂) ဒဂုံ ကျောင်းသားဟောင်း သီရိသုဓမ္မမဏိဇောတဓရ သီတဂူ ဦးနိုင်ဦး (မိဘရိပ်သစ်စက်) ၏ ဇနီး **ဒေါ်အေးသိန်း (မိဘရိပ်သစ်စက်)** အား နိုင်ငံတော်က ချီးမြှင့်သည့် **''သီရိသုဓမ္မသိင်္ဂီ''** ဘွဲ့တံတော် ချီးမြှင့်ခံရသည့် အတွက် မိသားစုနှင့်အတူ ဂုဏ်ယူဝမ်းမြောက်မိပါ၍ ဗုဒ္ဓမြတ်စွာ သာသနာ့အကျိုး၊ ဆရာ/ဆရာမအကျိုး တို့ကို မိသားစုနှင့်အတူ ဆထက်ထမ်းပိုးတိုး၍ ကြိုးပမ်းဆောင်ရွက်နိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်းလျက် ဂုဏ်ပြုလိုက်ပါသည်။

အ.လ.က (၂) ဒဂုံ ကျောင်းအုပ်ဆရာမကြီးနှင့် ဆရာ/ဆရာမများ၊ အငြိမ်းစား ဆရာ/ဆရာမများ၊ ကျောင်းသား/သူဟောင်းများ

ကန့်ကွက်နိုင်ကြောင်း ကြေညာခြင်း

ကျွန်ုပ်၏မိတ်ဆွေမှ ရန်ကုန်တိုင်း၊ အင်းစိန်မြို့နယ်၊ အရှေ့ကြို့ကုန်းရပ်ကွက်၊ ၇–လမ်း (မြောက်)၊ အိမ်အမှတ်(၅၆၇)ဟု ခေါ်တွင်သည့် မြေစိုက်နှစ်ထပ် နေအိမ်နှင့် တကွ ၎င်းနေအိမ်တည်ရှိရာ ရန်ကုန်တိုင်း၊ အင်းစိန်မြို့နယ်၊ မြေတိုင်းရပ်ကွက် အမှတ်(၆ ဒီ ၁၄+၁၅+၁၆) (ကြို့ကုန်း)၊ မြေကွက်အမှတ် (၂၉၄)၊ မြေဧရိယာ ပေ၅၀ Xပေ၇၀ရှိ မြေနှင့်တကွ နေအိမ်၏ အကျိုးခံစားခွင့်အရပ်ရပ်အား ပိုင်ရှင် ဒေါ်ရှုရင်ထံမှ ဝယ်ယူရန် စရန်ငွေတစ်စိတ် တစ်ဒေသ ပေးချေပြီးဖြစ်ပါသည်။

သို့ပါ၍အဆိုပါမြေနှင့်တကွ နေအိမ်နှင့် စပ်လျဉ်း၍ တစ်စုံတစ်ရာ ကန့်ကွက်ရန် ရှိပါက အထောက်အထားပြည့်စုံစွာဖြင့် ဤကြေညာစာပါပြီးသည့်နေ့မှ ၇ ရက် အတွင်း ကျွန်ုပ်ထံ လာရောက်ကန့်ကွက် တင်ပြနိုင်ပါသည်။ သတ်မှတ်သည့်ရက် ကျော်လွန်ပါက အထက်အရောင်းအဝယ် ကိစ္စအား ဥပဒေအတိုင်း ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများ သိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ–

(ဒေါ်အေးသက်ထား)
B.A(Geo);H.G.P,R.L
တရားရုံးချုပ်ရှေ့နေ၊ စဉ်–၅၆၂၃
အမှတ်(၁၄)၊ တရုတ်ကျောင်းလမ်း၊
သံတံတားရပ်ကွက်၊စမ်းချောင်းမြို့နယ်၊
ရန်ကုန်မြို့။

ဝန်ထမ်းအမြန်အလိုရှိသည် (ပြည်တွင်း၌သာ/ကျပ်ငွေဖြင့်ခန့်ထားရန်)

(၁) စာရင်းကိုင် (B.Com) (LCCI Level I, II, III) ကျား (၃) ဦး၊ မ (၂) ဦး
အသက်(၃၅)နှစ်အောက်၊ လုပ်ငန်းအတွေ့အကြုံအနည်းဆုံး(၃)နှစ်၊ ကွန်ပျူတာဖြင့် ကျွမ်းကျင်စွာ စာရင်းကိုင်နိုင်ရမည်။ လိုအပ်ပါက နယ်တွင်တာဝန်ထမ်းဆောင်နိုင်သူဖြစ်ရမည်။

(၂) အတွင်းရေးမှူး ကျား (၂) ဦး
ဘွဲ့ရ သွက်လက်သူဖြစ်ရမည်။ အသက်(၃၀)နှစ်အောက်၊ (တရုတ်/အင်္ဂလိပ်) စာ၊ စကား ကျွမ်းကျင်စွာ ရေးတတ်ဖတ်တတ်ပြီး ကွန်ပျူတာတတ်ကျွမ်းရမည်။ နေရာဒေသမရွေး သွားရောက် တာဝန်ထမ်းဆောင်နိုင်သူ ဖြစ်ရမည်။

(၃) Mining (B.E-Mining) (A.G.T.I-Mining) ကျား (၂၀) ဦး
အသက်(၃၀)နှစ်အောက်၊ လုပ်ငန်းအတွေ့အကြုံရှိသူသာ လျှောက်ထားရန်။ နယ်တွင် တာဝန်ထမ်းဆောင်နိုင်သူဖြစ်ရမည်။

(၄) အသက်(၃၀)နှစ်အောက် ဘွဲ့ရလူငယ် ကျား (၂၀) ဦး
နယ်တွင်တာဝန်ထမ်းဆောင်နိုင်ပြီး အထွေထွေဆောင်ရွက်နိုင်သူဖြစ်ရမည်။

(၅) ရုံးအကူ ကျား (၅) ဦး
အသက်(၂၅)နှစ်အောက်၊ ပညာအရည်အချင်း(၁၀)တန်းအောင်၊ ရုပ်ရည်သန့်ပြန့်၍ သွက်လက်ရမည်။ လိုအပ်ပါက နယ်တွင်တာဝန်ထမ်းဆောင်နိုင်သူဖြစ်ရမည်။

လျှောက်ထားသူသည် မကြာမီက ရိုက်ကူးထားသော ဓာတ်ပုံ(၃)ပုံ၊ မှတ်ပုံတင်မိတ္တူ၊ အလုပ်သမားမှတ်ပုံတင်မိတ္တူ၊ အခြားအထောက်အထားစာရွက်များ၊ ကိုယ်ရေးရာဇဝင် အသေးစိတ်၊ နေရပ်လိပ်စာ အပြည့်အစုံရေး၍ ကြော်ငြာပါသည့်နေ့မှ (၇)ရက်အတွင်း အောက်ပါလိပ်စာသို့ လူကိုယ်တိုင် ရုံးချိန် အတွင်းလာရောက်လျှောက်ထားနိုင်ပါသည်။

မှတ်ချက်။ ။ မပြည့်စုံသောလျှောက်လွှာများကို ပယ်မည်ဖြစ်သည်။
လျှောက်လွှာများကို ပြန်လည် ထုတ်ပေးမည်မဟုတ်ပါ။

အမှတ်(၁ဂ/E)၊ သာယာဝတီလမ်း၊ ဆရာစံ(စံပြ)ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း–၅၄၅၀၇ဂ

ဓေ့စပ်ကြောင်းလမ်းပြီးစီးခြင်း

ပုလောမြို့နေ(ဆရာမဒေါ်မေသန်း)၏ရင်သွေး၊ ရန်ကုန်မြို့၊ ကမာရွတ်မြို့နယ်၊အမှတ်(၇၃/၇၄)၊ အောင်မင်းခေါင်ဘုရားလမ်း၊ ဝင်ဒါမီယာနေ ဦးမျိုးဆွေ–ဒေါ်မြရှင်(ပုလဲရတနာရောင်းဝယ်ရေး)
တို့၏သား

မောင်သူရမျိုး

နှင့်

မော်လမြိုင်မြို့၊ ဘိုကုန်းရပ်၊ အမှတ်(၁၇/စီ)၊ သံလွင်ဥယျာဉ်လမ်းနေ ဦးရွှေဝင်း–ဒေါ်တင်လှ
(ချိုနန္ဒာဝင်း၊စိန်ရတနာရောင်းဝယ်ရေး)
တို့၏သမီးကြီး

မအေးသန္တာမွန်

တို့သည် နှစ်ဖက်သောမိဘဆွေမျိုးများရှေ့မှောက်တွင် စေ့စပ်ကြောင်းလမ်းပြီးစီးပါကြောင်း။

နှစ်ဖက်သောမိဘများနှင့် မောင်သူရမျိုး–မအေးသန္တာမွန်

ဆရာမြင့် (စကြာမင်း)

ကျွန်တော့်ကိုယ်တွေ့ အရိုးကျိုးပေါင်းရောဂါ ကုထုံးဆေးဝါးများ

အရိုးကျိုးပေါင်းရောဂါနှင့်ပတ်သက်၍ နှစ်ပေါင်း(၂၀)ကျော် သုတေသနပြုပြီး အရိုးကျိုးပေါင်းရောဂါရှင် မြောက်များစွာတို့ကို ကိုယ်တိုင်ကုလက်တွေ့ပျောက်ကင်းတဲ့ ကုထုံးနှင့်ဆေးနည်းများကို ဆရာစားမချန် ရေးသားတင်ပြထားပါသည်။

စာမူခွင့်ပြုချက်အမှတ် - ၄၀၁၂၀၀၆၁၀

ဖြန့်ချိရေး ☞ မျိုးဆက်သစ်စာပေ ☎ : ၃၇၇၃၆၉

ထွက်ပြီ

ဓမ္မစကြာ

ရွှတ်ဆိုပူဇော်ပွဲ ကျင်းပ

လှိုင်ကော် ဇန်နဝါရီ ၅

ကယားပြည်နယ် ဓမ္မစကြာနှင့် အနတ္တလက္ခဏသုတ် ရွတ်ဆိုပူဇော်ပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို ဒီဇင်ဘာ ၁၅ ရက် နံနက် ၇ နာရီက လှိုင်ကော်မြို့ သာသနာ့ဗိမာန်တော်ကြီး၌ကျင်းပရာ အခမ်းအနားသို့ ပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဗိုလ်မှူးကြီးညွန့်တင်နှင့် ဇနီး ဒေါ်တင်တင်ကြည်၊ ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များ၊ မြို့ပေါ်ရပ်ကွက်များနှင့် ဌာနဆိုင်ရာဝတ်အသင်း ၃၁ သင်းတို့ တက်ရောက်ကြသည်။

(ခရိုင်ပြန်/ဆက်)

ကျေးလက်ဒေသ စာကြည့်တိုက်များ ရေရှည်တည်တံ့ခိုင်မြဲရေး ရှင်းလင်း

သီပေါ ဇန်နဝါရီ ၂

ရှမ်းပြည်နယ် (မြောက်ပိုင်း) သီပေါမြို့နယ် ပြည်ထောင်စုလမ်းမကြီးပေါ်ရှိ ကျေးလက်ဒေသ စာကြည့်တိုက်များ ရေရှည်တည်တံ့ခိုင်မြဲရေး ဆောင်ရွက်ရမည့် နည်းလမ်းများ ရှင်းလင်းပွဲကို ဒီဇင်ဘာ ၃၁ ရက် နံနက် ၁၀နာရီက မြို့နယ်အစည်းအဝေးခန်းမ၌ကျင်းပရာ မြို့နယ်စာကြည့်တိုက်များ ကော်မတီနာယက သီပေါမြို့နယ် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးခင်ကြည် တက်ရောက် အမှာစကားပြောကြားသည်။

ထို့နောက် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဦးစိုင်းသာလှိုင်က ကျေးလက် စာကြည့်တိုက်များ ရေရှည်တည်တံ့ရေးနှင့်ပတ်သက်၍ညွှန်ကြားရေးမှူးချုပ်၏ မှာကြားချက်များကို ထပ်ဆင့်ရှင်းလင်းပြီး ၂၀၀၆–၂၀၀၇ခုနှစ် ရည်မှန်းချက်တာဝန်များကို အောင်မြင်အောင် ဆောင်ရွက်သွားကြရမည် ဖြစ်ကြောင်းပြောကြားသည်။(၂၄၇)

ဒိုက်ဦးမြို့နယ် မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းက ကြီးမှူး၍ (၅၉)နှစ်မြောက် လွတ်လပ်ရေးနေ့ အထိမ်းအမှတ် ကလေးပြိုင်ပွဲကို ဇန်နဝါရီ ၂ ရက်က မြို့နယ်အသင်းရုံးခန်းမ၌ကျင်းပရာ မြို့နယ်မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်ကြည်ကြည်ဝေပထမဆုရ မိခင်တစ်ဦးအား ဆုချီးမြှင့်စဉ်။ (၁၃၀)



မြို့နယ်သတင်းများ

ဇန်နဝါရီ ၄ ရက်က မြန်မာနိုင်ငံ ဆန်စက်လုပ်ငန်းရှင်များအသင်းဥက္ကဋ္ဌ ဦးတင်ဝင်း ဦးဆောင်သော ဒေးဒရဲမြို့နယ် ဗမာ့စံပြ ဆန်စက်မိသားစုတို့က ကျုံဒါးကျေးရွာ အထက်တန်းကျောင်း(ခွဲ) ကျောင်းဆောင်သစ် ဆောက်လုပ်ရေး ကော်မတီ ဘဏ္ဍာရေးမှူး ဦးအောင်ဝင်းထံ ငွေကျပ် သိန်း၅၀ ပေးအပ်လှူဒါန်းစဉ်။

(မြို့နယ်ပြန်/ဆက်)

ဒီဇင်ဘာ ၂၉ ရက်က ပဲခူးတိုင်း စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးစန်းမော်ခင် ဝေါမြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ ၂၀၀၆–၂၀၀၇ ဘဏ္ဍာရေးနှစ်အတွင်း ဆောင်ရွက်ပြီးစီးခဲ့သော အရှေ့ဘက်ကမ်းရပ်ကွက် အိမ်ခြေလေးဆယ် သောက်ရေကန် ခြံစည်းရိုးကာရံခြင်းနှင့် ရေကန်အဆင့်မြှင့် ဆောင်ရွက်ထားရှိမှုတို့ကို ကြည့်ရှုစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးစောရွှေ ရှင်းလင်းတင်ပြစဉ်။

(မြို့နယ်ပြန်/ဆက်)

တနင်္သာရီတိုင်း စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးတင်အောင် ဒီဇင်ဘာ ၁၃ ရက်က ဘုတ်ပြင်းမြို့ မွန်စုလမ်း ကတ္တရာခင်းခြင်းလုပ်ငန်းခွင်ကို ကွင်းဆင်းစစ်ဆေးရာ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးစိုးမြင့်နှင့် တာဝန်ခံအင်ဂျင်နီယာ ဦးခင်မောင်စိုးတို့ ရှင်းလင်းတင်ပြစဉ်။

(တိုင်းစည်ပင်)

ဒဂုံတံတား တည်ဆောက်ရေးလုပ်ငန်းများ ဝန်ကြီး ဗိုလ်ချုပ်စောထွန်း ကြည့်ရှုစစ်ဆေး

နေပြည်တော် ဇန်နဝါရီ ၁၃

ဆောက်လုပ်ရေးဝန်ကြီးဌာန ဝန်ကြီးဗိုလ်ချုပ်စောထွန်းသည် တာဝန်ရှိသူများ လိုက်ပါလျက် ယနေ့နံနက်ပိုင်းတွင် ဒဂုံမြို့သစ် (ဆိပ်ကမ်း)မြို့နယ်ရှိ ဒဂုံတံတား တည်ဆောက်ရေး လုပ်ငန်းခွင်သို့ ရောက်ရှိရာ စီမံကိန်းရှင်းလင်းဆောင်၌ တည်ဆောက်ရေး တာဝန်ခံ အင်ဂျင်နီယာမှူး ဦးတင့်လွင်က လုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှုနှင့် ဆက်လက်ဆောင်ရွက်ရမည့် အစီအစဉ်များကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် ဝန်ကြီးက လုပ်ငန်းကို တစ်ချိန်တည်း၊ တစ်ပြိုင်တည်း ဆောင်ရွက်ကြရန်နှင့် ပွင့်လင်းရာသီဖြစ်သဖြင့် ချဉ်းကပ်လမ်းမြေကြီးလုပ်ငန်း၊ ကျောက်ခင်းခြင်းနှင့် ကတ္တရာခင်းခြင်းတို့ကိုပါ တစ်ပြိုင်တည်း ဆောင်ရွက်ကြရန် မှာကြားပြီး လုပ်ငန်းလိုအပ်ချက်များအပေါ် ဖြည့်ဆည်း ဆောင်ရွက်ပေးသည်။

ထို့နောက် ဝန်ကြီးနှင့်အဖွဲ့သည် ရန်ကုန်ဘက်ကမ်းမှတံတားကြီးပေါ်သို့ မော်တော်ယာဉ်များဖြင့် တက်ရောက်၍ ကြိုတင်အားဖြည့် သံကူကွန်ကရစ် ရက်မများ လွှန်းထိုးနေရာချခြင်းလုပ်ငန်းကို ကြည့်ရှုစစ်ဆေးသည်။

ဒဂုံတံတားသည် သံကူကွန်ကရစ် R.C.D ဘိုးပိုင်အုတ်မြစ်နှင့် ကြိုတင်အားဖြည့် သံကူကွန်ကရစ် ရက်မနှင့် သံကူကွန်ကရစ် တံတားအမျိုးအစားဖြစ်ပြီး စုစုပေါင်းအရှည်ပေ ၄၅၄၀ နှင့် ယာဉ်သွားလမ်း အကျယ် ၇၂ပေ ရှိသည်။

ထို့အပြင် ယာဉ်ခြောက်လမ်းသွားနှင့် လူသွားလမ်း တစ်ဖက်လျှင် ခြောက်ပေစီ နှစ်ဖက်ပါရှိ၍ ယာဉ်တစ်စီးချင်း ခွင့်ပြုအလေးချိန်မှာ ၇၅ တန် ဖြစ်ကြောင်း သိရှိရသည်။ (သတင်းစဉ်)

နိုင်ငံရေးဦးတည်ချက်(၄)ရပ်

✻ နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာ အေးချမ်းသာယာရေးနှင့် တရားဥပဒေ စိုးမိုးရေး

✻ အမျိုးသား ပြန်လည်စည်းလုံး ညီညွတ်ရေး

✻ ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံ ဥပဒေသစ် ဖြစ်ပေါ်လာရေး

✻ ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ် တစ်ရပ် တည်ဆောက်ရေး

စီးပွားရေးဦးတည်ချက်(၄)ရပ်

✻ စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေး ကဏ္ဍများကိုလည်း ဘက်စုံ ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး

✻ ဈေးကွက် စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး

✻ ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး

✻ နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏လက်ဝယ်တွင်ရှိရေး

လူမှုရေးဦးတည်ချက်(၄)ရပ်

✻ တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး

✻ အမျိုးဂုဏ်၊ ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး

✻ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး

✻ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည် မြင့်မားရေး

အမှတ်(၂) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ခင်မောင်မြင့်နှင့် စွမ်းအင်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်သန်းဌေးတို့ လှော်ကား ဓာတ်အားပေးစက်ရုံတွင် သဘာဝဓာတ်ငွေ့သန့်စင်မှုတ်ထုတ်ဆောင်ရွက်မှုကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

လျှပ်စစ်ဓာတ်အား ပိုမိုထုတ်လုပ်နိုင်ရန် တာဝန်ရှိသူများ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက် နိုင်ငံတော်၏ ကုန်ထုတ်စွမ်းအား မြင့်မားတိုးတက်ရေးအတွက် အစွမ်းကုန်ကြိုးပမ်း

ရန်ကုန် ဇန်နဝါရီ ၁၃

အမှတ်(၂) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ခင်မောင်မြင့်နှင့် စွမ်းအင်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်သန်းဌေးတို့သည် ယမန်နေ့ နံနက်ပိုင်းတွင် တာဝန်ရှိသူများ လိုက်ပါလျက် သာကေတ ဓာတ်အားပေးစက်ရုံသို့ ရောက်ရှိရာ ဓာတ်ငွေ့သုံးဓာတ်အားပေးစက်ရုံများဌာန ဒုတိယအင်ဂျင်နီယာချုပ် ဦးသန်းလွင်နှင့် စက်ရုံမှူး ဦးထွန်းလှိုင်တို့က သာကေတစက်ရုံတွင် အသစ်လဲလှယ်ရန် ဖြုတ်ယူထားသော Fuel Nozzle များ၊ Cross Fire Tube နှင့် Combustion Liner များ၊ Combustion Liner အတွင်းမှ ချော်ခဲများကို ရှင်းလင်းပြသရာ ဝန်ကြီးက လျှပ်စစ်ဓာတ်အားဖြန့်ဖြူးမှုကို ထိခိုက်မှုမရှိစေဘဲ စက်စွမ်းအားပြည့် လည်ပတ်နိုင်ရေးအတွက် အသစ်လဲလှယ်ရမည့် စက်အစိတ်အပိုင်းပစ္စည်းများကို အမြန်ဆုံးလဲလှယ်ဆောင်ရွက်စေလိုကြောင်း မှာကြားသည်။

ထို့နောက် ဝန်ကြီးနှင့်အဖွဲ့အား စက်ရုံရှင်းလင်းခန်းမ၌ တာဝန်ရှိသူများက သာကေတစက်ရုံသို့ သဘာဝဓာတ်ငွေ့ပိုက်လိုင်း သွယ်တန်းထားမှု၊ သဘာဝဓာတ်ငွေ့ပိုက်လိုင်း အမျိုးအစားနှင့် သဘာဝဓာတ်ငွေ့ပိုက်လိုင်းအတွင်း သန့်ရှင်းရေးဆောင်ရွက်မှုများကို ရှင်းလင်းတင်ပြကြရာ စွမ်းအင်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်သန်းဌေးက ဖြည့်စွက်ရှင်းလင်းတင်ပြပြီး ဝန်ကြီးက လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးသည်။

စာမျက်နှာ ၇ ကော်လံ ၁ သို့ ✻

သာယာမည်

နေပြည်တော်နှင့် အနီးတစ်ဝိုက်တွင် ယနေ့ သာယာမည်။

ဆောင်းပါး အညွှန်း

"ထူးခြားစိတ်ဝင်စားဖွယ်ကောင်းသည်မှာ ၁၉၉၅ ခုနှစ်တွင် CIA က စေလွှတ်လိုက်သည့် အဖွဲ့တစ်ဖွဲ့သည် ဦးခွန်ဆာထံသို့ ရောက်လာပါသည်။ Mr. Shane Wang **နှင့်** Mr. Peter Lui **ဆိုသူတို့ဖြစ်ကြပါသည်။** Peter Lui **သည် ၁၉၉၁ ခုနှစ်လောက် ကတည်းက ဦးခွန်ဆာထံသို့ မကြာခဏ လာရောက်တွေ့ဆုံခဲ့သူဖြစ်သည်။ ၎င်းတို့သည်** CIA **ဌာနချုပ်ကမှာလိုက်သည့်အတိုင်း** MTA **အား ငွေကြေး၊ လက်နက်နှင့်တကွ အခြားစစ်ပစ္စည်းများ အထောက်အပံ့ အကူအညီပေးရေး အကြံပြုချက်တစ်ရပ်ကို ကမ်းလှမ်းခဲ့ကြသည်။ ၎င်းထောက်ပံ့မှုများအတွက်** MTA **ထိန်းချုပ်ထားသော နယ်မြေတွင် အမေရိကန်၏ ဒုံးပျံစခန်းတစ်ခု ထူထောင်ခွင့်ပြုရန် အပေးအယူလုပ်ရမည့် အဓိကအချက် ပါလာပါသည်။"**

သုတေသီ မြသန်းထွန်း၏ **"မြန်မာနိုင်ငံ၌ စစ်စခန်းများ အခြေစိုက် ချထားနိုင်ရေးအတွက် ကိုယ်ပိုင်ရုပ်သေးအစိုးရထားရှိရန် ကြိုးပမ်းအားထုတ်နေသော အမေရိကန်နှင့် အမေရိကန်အလိုကျ ကြိုးဆွဲရာ လိုက်ကနေသော အမျိုးသားသစ္စာဖောက်များအကြောင်း"**

(ဆောင်းပါး) စာမျက်နှာ - ၈၊ ၉၊ ၁၀